# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (25-7-2007) (၅၃၈၉)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သံလွင်တံတား (မော်လမြိုင်)၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ရှာရန်ရာနှုန်း ၈၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

# နိုင်ငံတော်၌ ဆန်ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပိုလျှံလာ စားသုံးဆီကို ပြည်ပမှ တစ်နှစ်လျှင် ဒေါ်လာသန်း ၃၀၀ ဖိုးခန့် တင်သွင်းနေရ ဆီဖူလုံမှုရရှိအောင် ဆီထွက်သီးနှံများကို နှစ်စဉ် တိုးတက်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မွန်ပြည်နယ် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

# ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၄

**ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၇)ကို ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၂၁ရက်မှ ၂၃ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊ ဩဂုတ် ၂၄ရက်နှင့် ၂၅ရက်တို့တွင် Bargain and Auction စနစ်များဖြင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ဝယ်လိုသူများသည် ဩဂုတ် ၁၈ရက်မှစတင်၍ မှတ်ပုံတင်ကြေး နိုင်ငံသား ငွေကျပ် ၁၀၀၀၀၊ နိုင်ငံခြားသား ယူရို ၂၀ နှင့်အတူ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်သည်။**

ပုဂ္ဂလိကကျောက်မျက်၊ကျောက်စိမ်းလုပ်ငန်းရှင်များကလည်း မိမိတို့ရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

# အထွေထွေပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့်စပ်လျဉ်း၍ အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ၏ အထွေထွေပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၅-၇-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

# သီးထပ်စိုက်ပျိုးရေးအကျိုးပြု ရေလှောင်တမံများဖွင့်လှစ်

နိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံလျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍ၌ အထွက်တိုး မျိုးကောင်းမျိုးသန့် သီးနှံများကို အသုံးပြုပြီး စိုက်ပျိုးရေးနည်းပညာသစ်များဖြင့် ပေါင်းစပ်လုပ်ကိုင်မှုကြောင့် ယခင်က ဆန်စပါးဖူလုံမှုမရှိသော ဒေသများတွင်ပင် ဖူလုံပိုလျှံမှုရှိလာသည်ကို တွေ့ရသည်။

မိုးနည်းရေရှားဒေသများတွင် မိုးရေကိုသာ မျှော်ကိုးစိုက်ပျိုးကြရသဖြင့် မိုးမကောင်းသောနှစ်များ၌ သီးနှံစိုက်ပျိုးမှုနှင့် အထွက်နှုန်းလျော့နည်းမှုများ ကြုံတွေ့ခဲ့ကြရသည်။

ယခုအခါ နိုင်ငံတော်က ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆည်တမံစီမံကိန်းများ တည်ဆောက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံး၌ လယ်မြေဧက နှစ်သန်းကျော်ကို စိုက်ပျိုးရေပေးဝေ အကျိုးပြုလျက်ရှိသည်။

မန္တလေးတိုင်းကဲ့သို့ မိုးနည်းရေရှားသောဒေသတွင် ၂၀၀၆-၂၀၀၇ ခုနှစ်က မိုးစပါးဧက ၁၀ သိန်းကျော် စိုက်ပျိုးခဲ့ရာ ထက်ဝက်ကျော်မှာ ဆည်၊ ကန်တို့မှရေကို အသုံးပြု စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ထို့အတူ နွေစပါးစိုက်ဧက နှစ်သိန်းကျော်ရှိသည့်အနက် လယ်မြေအများစုမှာ ဆည်ရေ၊ ကန်ရေကိုသာ အားပြုစိုက်ပျိုးခဲ့ရသည်။

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသည့် မာလဲနတ်တောင် ရေလှောင်တမံကို ဇူလိုင်လ ၂၂ ရက်နေ့က ဖွင့်လှစ်လိုက်ရာ ဆည်ရေသောက်ဧရိယာ ဧကတစ်သောင်း၌ စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ရာသီမရွေး စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။

ယခု ဖွင့်လှစ်လိုက်သည့် မာလဲနတ်တောင်ရေလှောင်တမံသည် မန္တလေးတိုင်းအတွင်းရှိ ၄၉ ခုမြောက် ဆည်ဖြစ်သကဲ့သို့ နိုင်ငံအတွင်း တည်ဆောက်ပြီးစီးခဲ့သော ဆည်မြောင်းစီမံကိန်းများအနက် ၂၀၁ ခုမြောက် ဆည်လည်းဖြစ်သည်။ ဆည်တမံစီမံကိန်းများကို တိုးချဲ့တည်ဆောက်ပေးခြင်းဖြင့် မန္တလေးတိုင်းအပါအဝင် မိုးနည်းရေရှားဒေသများ၌ စိုက်ပျိုးရေ လုံလုံလောက်လောက် ရရှိလာမှုနှင့်အတူ စပါးနှင့်သီးထပ်သီးညှပ် သီးနှံများ ပိုမိုတိုးချဲ့ စိုက်ပျိုးလာနိုင်ကြမည် ဖြစ်ပါသည်။ ။



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနေ ဒေါ်အုန်းကြည် (၇၀) ပြည့်မွေးနေ့အဖြစ် ရန်ကင်း ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေကျပ်တစ်သိန်းကို ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီလင်္ကာရအား လှူဒါန်းရာ ဆေးခန်းထောက်ကူပြု ဒေါက်တာမိမိအေး လက်ခံရယူစဉ်။ (က-ပ)

## တွံတေးအရှင်ကုန္ဒကတရားပွဲ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ၅၁ ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း၊ သိရီမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံတေး အရှင်ကုန္ဒက(ဓမ္မကထိက ဗဟုဇနဟိတဓရ)သည် (၁၃၆၉ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၁၂ ရက်)၊ ဇူလိုင် ၂၆ ရက်တွင် (၁၁) ကြိမ်မြောက် ရှင်အပါး ၂၀၀ ကျော် ရှင်ပြုအလှူတော်မင်္ဂလာတွင် ကျောက်ပန်းတောင်းမြို့ လယ်ဓမ္မာရုံ ဓမ္မဗိမာန်တော်ကြီး၌ ည ၇ နာရီ၌လည်းကောင်း၊ ဇူလိုင် ၂၉ ရက်တွင် ဓမ္မဝိဟာရ ပထမကျော်ကျောင်းတိုက် သဃ်န်းကျွန်း၌ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ ၊ ယင်းနေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီအထိတွင် ကျိုက်ဝိုင်း ဒက္ခိဏာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ်၊ ယင်းနေ့ ညနေ ၃ နာရီခွဲမှ ၄ နာရီအထိတွင် အောင်မြေလောကဓမ္မာရုံ တောင်ဥက္ကလာပတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။

(က-ပ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဧရာဝတီတိုင်း စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၂ ရက်တွင် ဧရာဝတီတိုင်း မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ စည်ပင်သာယာရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဗဟိုအလုပ် အမှုဆောင် ဝန်ကြီးသည် ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် ပန်းတနော်မြို့ အလှူရှင်များ စုပေါင်းလှူဒါန်းသော မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက မြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက နိုင်ငံတော်တွင် ဆောင်ရွက်လျက်ရှိသော စီမံကိန်းကြီး(၃)ရပ်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် မီးသတ်ယာဉ်အတွက် ဒေသခံပြည်သူများက စုပေါင်းလှူဒါန်းသည့် ငွေကျပ်၆၇ သိန်းကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်က အလှူရှင်များကိုယ်စား ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက လက်ခံသည်။

### လက်ခံ

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက မီးသတ်ယာဉ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမောင်မောင်ဦးက လက်ခံသည်။

ယင်းနောက် ပန်းတနော်မြို့နယ် ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖ ဦးစိန်ဝင်းက မီးသတ်ယာဉ် လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားပြီး ဝန်ကြီးနှင့်အဖွဲ့သည် မီးသတ်ယာဉ် အသုံးပြုကာ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ပြသမှုကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာအုပ်စု ချောင်းကလေး စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမော်၊ အလှူရှင်များကိုယ်စား အလှူရှင် ဦးကျင်ငြိမ်းနှင့် ဦးငြိမ်းမြိုင်တို့က ကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံအသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ချောင်းကလေး စံပြကျေးရွာ ကျေးလက်ကျန်းမာရေး အဆောက်အအုံသစ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ချောင်းကလေးစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဖြစ် အဆင့်တိုးမြှင့်ပေးမှု၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ကျေးလက်ဒေသကျန်းမာရေးစောင့်ရှောက်မည့် အစီအစဉ်များကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဘုန်းမော်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းက ကျန်းမာရေး စောင့်ရှောက်ပေးမှုများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက နိုင်ငံတော်တွင် ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံအတွက် ဖိုးလမင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီမှ ဦးကျင်ငြိမ်း-ဒေါ်အေးမြင့် မိသားစုနှင့် ဦးငြိမ်းမြိုင်-ဒေါ်ခင်ရီ မိသားစုတို့က ငွေကျပ်သိန်း ၆၀ စီ၊ ပျားဝတ်ရည်အင်တာပရိုက် ဦးကျော်ဆန်း-သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်ဝင်းမိသားစုက ငွေကျပ် ၁၀ သိန်းနှင့် ဦးမျိုးဆွေ-ဒေါ်ခင်အုန်းမြင့် (ကောင်းမြတ်မွန်ပွဲရုံဘုရင့်နောင် ရန်ကုန်မြို့)က ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ ဦးတင်မြင့်-ဒေါ်ခင်လှိုင် မိသားစုနှင့် ချောင်းကလေး၊အိုးဘို၊ ကပိုင်၊ ကတောက်ဆပ်နှင့် ဆုတောင်းပြည့် ကျေးရွာများနေ ပြည်သူများက စုစုပေါင်း လှူဒါန်းငွေကျပ် ၁၁ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းနှင့် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေးဝင်းတို့က လက်ခံကြသည်။

ထို့နောက် ငွေကျပ် ၂၂ သိန်းတန်ဖိုးရှိ ပရိဘောဂနှင့် ဆေးခန်းလုပ်ငန်းသုံး ပစ္စည်းများကို အလှူရှင်များဖြစ်ကြသော ဦးကြည်ဝင်းစန်း-ဒေါ်အေးမြင့်မိသားစု၊ ဦးကျော်ထွန်း-ဒေါ်ညွန့်၊ ဦးသန်းငွေး-ဒေါ်နန့်နေကြည်ဝင်း၊ဒေါ်အုန်းမေ၊သမီး မအေးအေး၊ ဦးမန်းမြမောင်-ဒေါ်ဝါမသောင်း၊ ဦးအောင်မိုး-ဒေါ်ခင်ခင်အေးနှင့် ဦးလှဝင်း-ဒေါ်စန်းမိသားစုတို့က ပေးအပ်လှူဒါန်းကြရာ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက လက်ခံသည်။

### လွှဲပြောင်း

ဆက်လက်၍ ချောင်းကလေးစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်များကိုယ်စား ပန်းတနော်မြို့မှ အလှူရှင် ဦးကျင်ငြိမ်းနှင့် ဦးငြိမ်းမြိုင်တို့က လွှဲပြောင်းပေးအပ်ကြရာ ပန်းတနော်မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဘုန်းမော်က လက်ခံသည်။

ယင်းနောက် ချောင်းကလေးစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ရပ်မိရပ်ဖ ဦးလှဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက် ကျန်းမာရေးဌာနအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်ဇနီး ဒေါ်ကျင်ခိုင်နှင့် အလှူရှင်များက ချောင်းကလေး ကျေးရွာအုပ်စု ချောင်းကလေးကျေးရွာ ဓမ္မာရုံ၌ ဆရာတော်၊ သံဃာတော်ကိုးပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆဋ္ဌမအကြိမ်မြောက် ဝါတွင်း စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေကြသော သွေးလိုအပ်နေသည့် သံဃာတော်များ၊ သီလရှင်များအတွက် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင်ဖြစ်စေ၊ ဆေးရုံအုပ်ကြီး ဖုန်း-၅၅၈၄၃၄၊ ဒုတိယဆေးရုံအုပ်(သံဃာ) ဖုန်း-၅၅၈၄၃၅၊ ဒုတိယဆေးရုံအုပ် (သီလရှင်) ဖုန်း-၅၄၂၇၀၆၊ တာဝန်ခံဆရာဝန်ကြီး (လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန) ဖုန်း-၅၅၂၅၄၂ နှင့် အုပ်ချုပ်ရေးမှူး ဖုန်း-၅၄၁၇၉၅၊ ၅၄၅၇၈၂ တို့သို့ ဩဂုတ် ၃ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြဋ္ဌာန်းတဲ့အခါ မပြဋ္ဌာန်းမီကာလကရှိခဲ့တဲ့ တိုင်းပြည်အခြေအနေနဲ့ ပြဋ္ဌာန်းပြီးနောက် တည်ရှိလာတဲ့အခြေအနေတွေဟာ တစ်ခုနဲ့တစ်ခု တူညီကြမှာမဟုတ် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းထား

ရန်ကုန် ဇူလိုင် ၂၄

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဇူလိုင် ၂၃ရက်က ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့် စပ်လျဉ်း၍ အလုပ်ကျသဘာပတိအဖွဲ့ဝင်များ၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–**

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

၂၀၀၆ခုနှစ် နိုဝင်ဘာလ (၁၃)ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီ အစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက **"ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း"**နဲ့ စပ်လျဉ်းပြီး–

"ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့အခါ အဲဒီလိုမပြဋ္ဌာန်းမီကာလက တည်ရှိခဲ့တဲ့ တိုင်းပြည်ရဲ့ အခြေအနေနဲ့ ပြဋ္ဌာန်းပြီးနောက် တည်ရှိလာတဲ့ အခြေအနေတွေဟာ တစ်ခုနဲ့တစ်ခု တူညီကြမှာ မဟုတ်ပါဘူး။ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးကို ကူးပြောင်းကြရတာဖြစ်ပါတယ်။ ဒီလိုကူးပြောင်းတဲ့အခါမှာ ဥပဒေပြုရေး၊အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်များနဲ့ စီးပွားရေး၊ လူမှုရေး အဆောက်အအုံတို့လည်း ပြောင်းလဲသွားမှာဖြစ်ပါတယ်။

ဒါကြောင့် အကူးအပြောင်းကာလမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာများဟာ စဉ်ဆက်မပြတ်တည်ရှိနေဖို့နဲ့ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ်၊ တာဝန်၊ ဝတ္တရားတွေဟာလည်း စဉ်ဆက်မပြတ် တည်ရှိနေစေဖို့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းရန် လိုမှာဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်တဲ့အခါမှာ အဲဒီနိုင်ငံ အသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များပါ ထည့်သွင်းပြဋ္ဌာန်းထားတာတွေ့ရသလို မြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလဲ အဲဒီဥပဒေရဲ့ အခန်း ၁၄မှာ ပုဒ်မ ၂၃၃ မှ ၂၃၄ထိ **"ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ (Transitory Provisions)"** ကို ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

၁၉၇၄ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များနဲ့စပ်လျဉ်းပြီး သီးခြားခေါင်းစဉ်နဲ့ ပြဋ္ဌာန်းထားတာမရှိပေမယ့် အခန်း ၁၆ အထွေထွေပြဋ္ဌာန်းချက်များအခန်းမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားတာ တွေ့ရပါတယ်"

လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ 'ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ' အခန်းနဲ့ စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

၁။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့် နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်။**

၂။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးမကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်။**

၃။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီကာလတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့်လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။**



အလုပ်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ် ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ် စုစည်းချက်များကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)



အလုပ်ကျသဘာပတိအဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

၄။ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊တာဝန်များနှင့်ရပိုင်ခွင့်များကို ဆက်ခံသည်။**

၅။ **တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။**

၆။ **တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။**

၇။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများ မပေါ်ပေါက်မီ ဆက်လက်၍ တရားစီရင်ပိုင်ခွင့် အာဏာများ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ်ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာအမှုများနှင့် အခွန်တော်အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရမည်။**

၈။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာစတင်တည်သည့်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်း မပြုသမျှ ဆက်လက်တည်ရှိစေရမည်"**

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက–

"ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ ထိုကဲ့သို့ မပြဋ္ဌာန်းမီကာလက တည်ရှိခဲ့သည့် အခြေအနေနှင့် ပြဋ္ဌာန်းပြီးနောက်ဖြစ်ပေါ်လာသည့် အခြေအနေများသည် တစ်ခုနှင့်တစ်ခု တူညီကြမည် မဟုတ်ဘဲ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးသို့ ကူးပြောင်းကြရခြင်း ဖြစ်ပါတယ်။ ဒီလိုကူးပြောင်းတဲ့အခါမှာ ဥပဒေပြုရေး၊အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်များနဲ့ စီးပွားရေး၊ လူမှုရေး အဆောက်အအုံတို့လည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ရာ အသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာများ စဉ်ဆက်မပြတ် တည်ရှိနေစေဖို့နဲ့ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ် တာဝန်ဝတ္တရားတွေဟာလည်း စဉ်ဆက်မပြတ် တည်ရှိစေဖို့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအဖြစ် အသေးစိတ်အခြေခံမူများ ချမှတ်ရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ အဆိုပြုချက်များမှာ လျော်ကန်သင့်မြတ်ကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအတွက် ရှင်းလင်းပြောကြားခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူ အမှတ်စဉ် ၁ မှ အမှတ်စဉ် ၈ အထိကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ် ပါတီက–

"ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်တဲ့နေ့မှစပြီး ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးမကျင်းပမီကာလအတွင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူ ကျင့်သုံးနိုင်ရေးနဲ့စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၁နှင့် ၂ တွင်လည်းကောင်း၊ စုစည်းချက်အပိုဒ် ၅ တွင် တည်ဆဲဥပဒေများနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းတင်ပြချက်များသည် အလွန်ပြည့်စုံမှန်ကန်ပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါတယ်။

တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ဆက်လက်အတည်ဖြစ်စေရေးနဲ့စပ်လျဉ်း၍ စုစည်းချက်အပိုဒ် ၆ တွင်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတည်သည့်နေ့၌ တည်ရှိသော တရားရုံးအဆင့်ဆင့်တွင် ရှိနေသော မှုခင်းများနဲ့စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၇ တွင် လည်းကောင်း၊ စုစည်းချက်အပိုဒ် ၈ မှာတော့ နိုင်ငံ့ဝန်ထမ်းများနဲ့ပတ်သက်ပြီး ရှင်းလင်းဖော်ပြချက်များသည် ကျွန်တော်တို့၏ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❊

**ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော် တစ်ဝန်းလုံး၌ အာဏာတည်သည်။**

# ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအတွက် စုစည်းချက်(၈)ချက်သည် လျော်ကန်သင့်မြတ်မှုရှိသဖြင့် အသေးစိတ်အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်

❀ စာမျက်နှာ ၃ မှ
နိုင်ငံတော်အတွင်း လက်ရှိအခြေအနေတွေနဲ့ ကိုက်ညီသော အချက်များဖြစ်သဖြင့် အသေးစိတ်အခြေခံရမယ့်မှုအဖြစ် ချမှတ်သင့်ကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များကို မိမိတို့အနေဖြင့် လေ့လာသုံးသပ်ခဲ့ကြပါတယ်။

ဒါကြောင့်–

- ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ခြင်းနဲ့ စပ်လျဉ်းပြီးလည်းကောင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစပြီး ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး မကျင်းပမီကာလအတွင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံးနိုင်ရေးနဲ့ စပ်လျဉ်း၍လည်းကောင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊
- နိုင်ငံတော်ရဲ့ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံရေးနဲ့ စပ်လျဉ်း၍လည်းကောင်း၊
- တည်ဆဲဥပဒေများနှင့် စပ်လျဉ်း၍လည်းကောင်း၊
- တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ဆက်လက်အတည်ဖြစ်ရေးနဲ့ စပ်လျဉ်း၍လည်းကောင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအဆင့်ဆင့်တွင် ရှိနေသော မှုခင်းများနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- နိုင်ငံ့ဝန်ထမ်းများနဲ့ စပ်လျဉ်း၍လည်းကောင်း၊

လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့်စပ်လျဉ်းလို့ အသေးစိတ်အခြေခံရမယ့်မှုများကို စုစည်း၍ အမှတ်စဉ်(၁)မှ(၈)အထိ တင်ပြထားတာ တွေ့ရှိရပါတယ်။ ဖော်ပြပါ စုစည်းတင်ပြချက်များကို ဆွေးနွေးရန် မရှိ၊ သင့်တော်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီက–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မှုများအဖြစ် ချမှတ်ထားတဲ့ အခြေခံမှု(၈)ချက်ဟာ မြန်မာနိုင်ငံရဲ့ သဘာဝ အနေအထား၊ ဖြစ်ပေါ်ခဲ့တဲ့သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေမှု ရှိပါသဖြင့် အသေးစိတ်အခြေခံရမယ့်မှုအဖြစ် ချမှတ်သင့်ကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးက လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များဟာ ပြီးပြည့်စုံသည်ဖြစ်၍ ထပ်မံအကြံပြုဆွေးနွေးရန် မရှိတော့ပါ။

သို့ပါ၍ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် စုစည်းတင်ပြထားတဲ့ အသေးစိတ် အခြေခံသင့်သည့် မှု(၈)ချက်ကို အသေးစိတ် အခြေခံရမည့်မှုအဖြစ် ချမှတ်သင့်ကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

“မူ စုစည်းဖော်ပြချက် အချက်(၈)ချက်သည် လက်ရှိနိုင်ငံတော်က ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိပြီး နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သို့ ကူးပြောင်းနိုင်ရေး လိုအပ်ချက်များ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသဖြင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များပါအတိုင်း အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ “ဝ” အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားချက်များဟာ ကမ္ဘာ့နိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ လေ့လာတွေ့ရှိချက်များနဲ့ မိမိတို့နိုင်ငံရဲ့ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပေါင်းစပ်၍ အသေးစိတ်လေ့လာသုံးသပ်ပြီး နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆက်စပ်လိုက်လျောညီထွေမှုရှိအောင် ရေးသားဖော်ပြထားတာဖြစ်တဲ့အတွက် ပြည့်စုံလုံလောက်မှုရှိပြီး ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအတွက် စုစည်းချက်(၈)ချက်ဟာ လျော်ကန်သင့်မြတ်မှုရှိပါသဖြင့် အသေးစိတ် အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်၊
- မြို(ခ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှတစ်သီးပုဂ္ဂလကိုယ်စားလှယ်ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“၂၀၀၆ ခုနှစ် နိုဝင်ဘာလ(၁၃)ရက်နေ့တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ရှင်းလင်းပြောကြားခဲ့သည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါအပိုဒ်(၁)မှ (၈)အတိုင်း အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အမျိုးသားညီလာခံကနေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အသစ်အတွက် အခြေခံအုတ်မြစ်နဲ့တူတဲ့ မူဝါဒတွေ၊ သဘောထားတွေကို ထင်ဟပ်ဖော်ဆောင်နေတဲ့ အခြေခံရမယ့်မှုတွေနဲ့ အသေးစိတ်အခြေခံရမယ့်မှုတွေကို ချမှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီအခြေခံရမယ့်မှုတွေ၊ အသေးစိတ်အခြေခံရမယ့်မှုတွေနဲ့အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရမှာ ဖြစ်ပါတယ်။ သို့ဖြစ်၍ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်၏ စတုတ္ထအဆင့်ဖြစ်သော “ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း” လုပ်ငန်းစဉ်ကို အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အချိန်မှ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ပေးနိုင်ပါက မျှော်တလင့်လင့်ဖြင့် တောင့်တ၊ စောင့်စားနေရသော ပြည်သူ၊ ပြည်သား၊ ရဟန်းရှင်လူများအဖို့ အားရကျေနပ် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမှာ အမှန်ပင်ဖြစ်ပါတယ်၊ ဒါကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အချိန်မှ တစ်နှစ်တာကာလအတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများမှ စဉ်းစားဆောင်ရွက်သင့်ပါကြောင်း သီးခြားအကြံပြုချက်တစ်ရပ်အဖြစ် အကြံပြုတင်ပြအပ်ပါတယ်”ဟုလည်းကောင်း၊

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်၏ ပဉ္စမအဆင့်ဖြစ်သော “ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း” လုပ်ငန်းနှင့် ပတ်သက်၍ ဆက်လက်အကြံပြုတင်ပြလိုပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၃၃ တွင် “ဤအခြေခံဥပဒေအရ ကျင်းပသော ပထမအမတ် ရွေးကောက်ပွဲကို ဤအခြေခံဥပဒေအာဏာတည်သည့်နေ့ရက်မှစ၍ (၁၈)လအတွင်းတွင် ကျင်းပရမည်”လို့ ပါရှိတာကို ဖတ်ရှုလေ့လာသိရှိရပါတယ်။

၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေနှင့်ပတ်သက်၍ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ(၃)ရက်နေ့တွင် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်အတည်ပြုကြေညာခဲ့ပြီးနောက် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ(၂၇)ရက်နေ့မှ စတင်၍ ဖေဖော်ဝါရီလ(၁၀)ရက်အတွင်း ကျင်းပပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။ ၎င်းအပြင် ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးကို ၁၉၇၄ ခုနှစ်၊ မတ်လ (၂)ရက်နေ့ နံနက်(၁၁)နာရီအချိန်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ဆောလျင်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ် ပဉ္စမအဆင့်အား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ဖြစ်ပြီးတဲ့နောက် သင့်တင့်လျောက်ပတ်သောအချိန်ကာလအတွင်း ကျင်းပပြုလုပ်နိုင်ရေးအတွက် တာဝန်ရှိသူများမှ စဉ်းစားဆောင်ရွက်သင့်ပါကြောင်း သီးခြားအကြံပြုချက်တစ်ရပ်အဖြစ် အကြံပြုတင်ပြအပ်ပါတယ်”ဟု လည်းကောင်း
တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်ပါ(၃)ဦးတို့က အကြံပြုဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းနဲ့ပတ်သက်၍ အမျိုးသားညီလာခံ ကျင်းပရေး

## တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်မဆန့်ကျင် သမျှ အတည်ဖြစ်သည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက် အချက်(၈)ချက်အနက် အချက်(၂)နှင့် အချက်(၅)တို့မှလွဲ၍ ကျန်အချက်များအပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားချက်မှာပါဝင်တဲ့ အပိုဒ် ၂ နဲ့ အပိုဒ် ၅ တို့ကို သီးခြားအကြံပြုချက်များအဖြစ် တင်ပြလိုပါတယ်။

အပိုဒ် ၂ မှာ ဖော်ပြထားချက်ကတော့–

**“ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးမကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်”**

လို့ ပါရှိပါတယ်။

ဒီဖော်ပြချက်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေးကျင်းပသည့်အချိန်အထိသာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ခံယူကျင့်သုံးမည့်သဘောမျိုး သက်ရောက်နေပါတယ်။ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေးကျင်းပရုံနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ(၃)ရပ်ကို လွှဲပြောင်းပေးနိုင်ဖို့ အဆင်သင့်မဖြစ်သေးပါဘူး။ ပြည်ထောင်စု လွှတ်တော်က အုပ်ချုပ်ရေးအကြီးအကဲဖြစ်တဲ့ သမ္မတကို ရွေးချယ်လက်ခံရပါမယ်။ သမ္မတကို ရွေးချယ်ပြီးတဲ့အခါမှာ နိုင်ငံတော်သမ္မတဟာ သူရဲ့ အစိုးရအဖွဲ့ကို ဖွဲ့စည်းရမှာ ဖြစ်သလို တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးမယ့် နိုင်ငံတော်တရားသူကြီးချုပ်ကို ခန့်အပ်တာဝန်ပေးရမှာ ဖြစ်ပါတယ်။ ဒီအချိန်ကျမှသာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ(၃)ရပ်ကို တာဝန်ယူမယ့် အဖွဲ့အစည်းတွေဟာ တာဝန်စတင်ထမ်းဆောင်ရန် အဆင်သင့်ဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၂ပါ စာသားများအစား–

**“ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့်နေမှစ၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးများကို တာဝန်ယူကျင့်သုံးရမည့် အဖွဲ့အစည်းများ စတင်တာဝန်ထမ်းဆောင်သည့်နေ့အထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်”**

ဟု ပြင်ဆင်ပြောင်းလဲ၍ အသေးစိတ်အခြေခံရမယ့်မှုအဖြစ် ချမှတ်သင့်ပါကြောင်း” ဟုလည်းကောင်း၊

“အပိုဒ် ၅ ပါ ဖော်ပြချက်မှာ–

**“တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်”**

လို့ဖော်ပြပါရှိပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ဖြစ်သည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမပေါ်မီကာလအထိ၊ ဥပဒေတစ်ခုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိ၊ မရှိ ဆိုတာကို အဆုံးအဖြတ်ပေးနိုင်တဲ့ အာဏာပိုင်အဖွဲ့အစည်းမရှိပါဘူး။ ဒီကြားကာလမှာ တည်ဆဲဥပဒေများဟာ ဆက်လက်တည်ရှိနေဖို့ လိုအပ်တဲ့အတွက် အပိုဒ် ၅ ပါစာသားများမှ **“ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ”** ဟူသော စာသားကို ပယ်ဖျက်ပြီး **“တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ အတည်ဖြစ်သည်။”**

ဟု အသေးစိတ်အခြေခံရမယ့်မှုအဖြစ် ချမှတ်သင့်ပါကြောင်း”ဟုလည်းကောင်း တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးတင်ဝင်းပါ (၆)ဦးတို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✲

# ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မယ့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့စပ်လျဉ်း၍ အချက်(၈)ချက်ကို ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း၏ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း တင်ပြ

✲ စာမျက်နှာ ၄ မှ

**အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် ကျင့်သုံးခဲ့ပြီးသည့် ပြည်တွင်းဥပဒေများ၊ ပြည်ပဥပဒေများအား ကိုးကားပြီး မိမိနိုင်ငံအနေနှင့် သင့်တော်မည့် အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့ရာ အောက်ပါအချက်များကြောင့် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်လို့ သဘောရရှိပါတယ်–

(က) နိုင်ငံတစ်ဝန်းလုံး၌ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့် နေ့ရက်ကို သတ်မှတ်ပေးထားခြင်း၊

(ခ) အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး မကျင်းပမီ လုပ်ဆောင်ရန်ရှိသည်များကို လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တာဝန်ပေးအပ်ထားခြင်း၊

(ဂ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် မူဝါဒများ၊လမ်းညွှန်ချက်များ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ဆက်ခံနိုင်ခြင်း၊

(ဃ) တည်ဆဲဥပဒေနှင့် နည်းဥပဒေအစရှိသည်များကို အစိုးရက ပယ်ဖျက်ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်ခြင်း၊

(င) ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တည်ထောင်သည့်တရားရုံးများ မပေါ်ပေါက်မီ မပြီးပြတ်သေးသော မှုခင်းများအား ယခင်ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးနိုင်ခွင့်ရှိခြင်း၊

(စ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်အောက်၌ ဖွဲ့စည်းတာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်အပါအဝင် နိုင်ငံ့ဝန်ထမ်းများသည် အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်း မပြုသမျှ ဆက်လက်တည်ရှိနေခြင်း၊

စသည့် အချက်အလက်များ ပြည့်စုံသောကြောင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၃ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာအမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့်ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့စပ်လျဉ်း၍ အချက်(၈)ချက်ကို ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း၏ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း"

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့် မူ(၈)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"၂၀၀၆ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက်နေ့က ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့တဲ့ အချက်အလက်များဟာ တင်ပြခဲ့တဲ့ နိုင်ငံတိုင်း၊ အခြေခံဥပဒေတိုင်းမှာ ပြဋ္ဌာန်းကြရမြဲဖြစ်တဲ့ အသေးစိတ်အခြေခံရမည့်မူများဖြစ်လာသင့်တဲ့ အမှတ်စဉ်(၁)မှ (၈)ပါ ကူးပြောင်းရေးကာလအတွက် မုချလိုအပ်တဲ့ အသေးစိတ်အခြေခံရမယ့်မူများဖြစ်တာ ကျွန်တော်တို့ အစုအဖွဲ့က သုံးသပ်ရရှိပါတယ်။

ဒါ့ကြောင့် ကျိုးကြောင်းဆီလျော်မှုရှိပြီး ကူးပြောင်းရေးကာလတိုင်းမှာ ပါဝင်နေကျ သဘာဝဖြစ်တဲ့ အထက်ပါမူများကို ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ(၈)ချက်နှင့်ပတ်သက်လို့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌအနေနဲ့ ကျွန်တော်တို့နိုင်ငံမှာတည်ရှိခဲ့၊ ကျင့်သုံးခဲ့တဲ့ ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ယင်းအခြေခံဥပဒေအရပြဋ္ဌာန်းခဲ့တဲ့ အက်ဥပဒေ၊ နည်းဥပဒေတွေ၊ ၁၉၇၄ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ယင်းဥပဒေအရပြဋ္ဌာန်းခဲ့တဲ့ ဥပဒေနှင့် နည်းဥပဒေတွေ၊ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လေ့လာသုံးသပ်ပြီး ကြောင်းကျိုးဆီလျော်ပြည့်စုံစွာ တင်ပြသွားခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် အထက်ဖော်ပြပါ အချက်(၈)ချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားချက်များပါ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ(၈)ချက်အား အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့က–

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ ပတ်သက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်တဲ့ အချက်(၈)ချက်ကို ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းရဲ့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်တဲ့ အခန်းတစ်ခန်းဖြစ်တဲ့ "ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း"နဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီ ရှင်းလင်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ခြင်းနှင့် စပ်လျဉ်းပြီး–

**"ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်"**

ဟူ၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။

ယခုအခါမှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် Road Map လုပ်ငန်းစဉ် (၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာမှာ စတုတ္ထအဆင့်မှာ အမျိုးသားညီလာခံက တညီတညွတ်တည်း ချမှတ်မယ့် အခြေခံမူများနှင့်အညီ ရေးဆွဲထားတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းကြမှာ ဖြစ်ပါတယ်။

အဲဒီလို အတည်ပြုဆောင်ရွက်ရာမှာ ပြည်သူ့ဆန္ဒရယူခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုခြင်း၊ အတည်ပြုပြဋ္ဌာန်းပြီးနောက် နိုင်ငံတော်တစ်ဝန်းလုံးမှာ အာဏာတည်စေခြင်းတို့ဟာ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ကျွန်တော်တို့ နိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေများနဲ့လည်း ကိုက်ညီမှုရှိတာတွေ့ရလို့ သတ်မှတ်ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒီနေရာမှာ အကြံပြုလိုတဲ့ အချက်တစ်ချက်ကတော့ ဆန္ဒမဲဆိုတဲ့နေရာမှာ ဝိဝါဒကွဲပြားစရာ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ ကြားနေခြင်းဆိုတဲ့ အဓိပ္ပာယ်များလည်း ပေါ်ပေါက်လာနိုင်တာမို့ 'ထောက်ခံဆန္ဒမဲ'ဟူ၍ ဖြည့်စွက်သုံးနှုန်းသင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဒါကြောင့်–

**"ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်"**ဟူ၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း"

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။



**ကွယ်လွန်သူ မအိဖြူစံ တစ်လပြည့်နှင့် နှစ်(၃၀)ပြည့်မွေးနေ့အဖြစ် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၃ လမ်းမှ ကျန်ရစ်သူမိသားစုက မင်းကွန်းတောင်ရိုး တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက် ရာသက်ပန် (ဆွမ်း၊ ရေ၊ မီး၊ ဆေး) ပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀ကို ဇူလိုင် ၂၄ရက်က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက ကျောင်းတိုက်တွင် ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ဓမ္မာစရိယ သုံးကျမ်း ပို့ချမည်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်ဘုရားကြီးတိုက် ဓာတ်မီး (ဓမ္မဝါစက) ကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏဝရာဘိဝံသ (သ၊စ၊သ၊အ ဓမ္မာစရိယ) အရှင်သူမြတ်သည် ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ ဩဂုတ် ၁ရက်မှစ၍ နံနက် ၇နာရီမှ ၈နာရီအထိ ပါရာဇိကဏ်စာဝါ၊ မွန်းလွဲ၁နာရီမှ ၂နာရီအထိ သီလက္ခန်စာဝါ၊ ညနေ ၃နာရီမှ ၄နာရီအထိ အဋ္ဌသာလိနီစာဝါများ ပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်သင်ယူနိုင်ကြောင်း သိရသည်။ (က–ပ)

## အရှင်စန္ဒသာရ(ကျောင်းကုန်း)ဝါတွင်းတရားပွဲ

**ရန်ကုန် ဇူလိုင် ၂၄**

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်မှ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်စန္ဒသာရ(ကျောင်း ကုန်း) ဆရာတော်သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များကို ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ ဇနိတာရာမကျောင်းတိုက်ကြီးတွင် ဇူလိုင် ၂၀ ရက်မှ ၂၉ ရက်အထိ ဟောကြားတော်မူလျက်ရှိပြီး ဆက်လက်၍ ဖျာပုံမြို့ မဟာပုညာရာမ မင်းကျောင်းတိုက်တွင် ဩဂုတ် ၁ရက်မှ ၇ ရက်အထိ ဟောကြားမည် ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုပါက ဖုန်း–၀၄၆–၄၀၄၉၈၊ ၀၉–၅၁၄ ၇၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)



**တောင်ဥက္ကလာပမြို့နယ် မြင်သာ(၁၄/၂)ရပ်ကွက် ကရဝိက်လမ်းနေ အဆင့်မြင့်မင်္ဂလာဈေး ဆိုင်အမှတ်(၆၂၅) မြေညီထပ်(မထွေးဖြူ အထည်ဆိုင်) ဦးကျော်သိန်း–ဒေါ်ထွေးဖြူ၊ သမီး မနီနီ၊ သားများ ဦးမျိုးကျော်ဦး Master Mariner (F.G)၊ ဗိုလ်ကြီးတင့်နိုင်ထွန်း(ယာယီတပ်ခွဲမှူး ဗိုလ်မှူး)၊ ဗိုလ်ကြီးအောင်မြင့်ကျော် မိသားစုက အဘိဓမ္မာပိဋကဝင် ပဋ္ဌာန်းကျမ်း(ပဋ္ဌမအုပ်) ကြေးသေတ္တာတစ်လုံး တန်ဖိုးငွေ ကျပ် ၁၄၀၀၀၀ ကို ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လာရောက်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။** (က–ပ)

## ဗောဓိနမ့်ဆန်ကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၂၄**

စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် ဗောဓိနမ့်ဆန်ကျောင်း၌ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော်နိုင်ရန်နှင့် ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းနှင့် ဆောက်လုပ်ဆဲ ဗောဓိနမ့်ဆန်ကျောင်း နှစ်ထပ်တိုက်သစ်အတွက် အလှူငွေများ ဖုန်း–၅၀၀၇၉၄ သို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

**အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိစာသင်တိုက် စာချစာသင်သံဃာတော်များအား ရည်စူး၍ ပဓာနနာယကဆရာတော်၊ တိုက်အုပ်ဆရာတော် နှစ်ပါးတို့ထံ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၆) ရပ်ကွက်၊ ရွှေသူဌေးလမ်းနေ ဦးထွန်းဉာဏ်၊ ဒေါ်စောရီတို့က (၁၀)ကြိမ်မြောက် အသက်(၇၅)နှစပြည့် အလှူတော်မင်္ဂလာ သင်္ကန်း ၇၅ စုံ ဆက်ကပ်လှူဒါန်းစဉ်။** (၆၂)







ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ (ရန်ကုန်တိုင်း)၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ( ရန်ကုန်တိုင်း ) ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

**၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ(ရန်ကုန်တိုင်း)၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက် အမှာစကားပြောကြားသည်။**

အစီအစဉ်အရ ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ အမှတ်(၄)စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ထွန်းက အဖွဲ့လိုက်ပြိုင်ပွဲဝင်ရသည့် ဘာသာရပ်များကို ခရိုင်အဆင့်ပြိုင်ပွဲတွင် စုဖွဲ့ပါဝင်ယှဉ်ပြိုင်ရေး၊ အကဲဖြတ် အမှတ်ပေးဆောင်ရွက်မည့် ပညာရှင်ကြီးများ ရွေးချယ်တာဝန်ပေးအပ်ရေး၊ စခန်းသွင်းလေ့ကျင့်ဆောင်ရွက်မည့် စီမံချက်များရေးဆွဲ ဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အစည်းအဝေးတက်ရောက်လာသော ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂီတနှင့်သဘင် ပညာရှင်ကြီးများက မိမိတို့ဆောင်ရွက်ရမည့် ကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြပြီး ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယကတိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ဖြည့်စွက်အမှာစကားပြောကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

## ဦးနှောက်နှင့် အာရုံကြောရောဂါကုပညာအဖွဲ့ လက်တွေ့ကုထုံး ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဦးနှောက်နှင့် အာရုံကြောရောဂါကုပညာအဖွဲ့က ကြီးမှူး၍ မူးဝေသော ဝေဒနာရှင်များအတွက် လက်တွေ့ကုထုံး "The Dizzy Patient Practical Approach" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇူလိုင် ၂၈ရက်(စနေနေ့)နံနက် ၉ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## Beauty Palace ကုမ္ပဏီ၏ ကုန်ပစ္စည်းအသစ် မိတ်ဆက်ပွဲနှင့် ကံစမ်းမဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

Beauty Palace ကုမ္ပဏီလီမိတက်၏ ထုတ်ကုန်အသစ်ဖြစ်သော One Plus One ခေါင်းလျှော်ရည်နှင့် ပုလဲသွားတိုက်ဆေးတို့၏ ကုန်ပစ္စည်းအသစ် မိတ်ဆက်ပွဲ နှင့် ၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်းက စတင်ခဲ့သော A-21 ဆပ်ပြာ၊ A-21 ခေါင်းလျှော်ရည်နှင့် Best-T သွားတိုက်ဆေးတို့၏ ကံစမ်းမဲဖွင့်ပွဲကို ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့ဆီဒိုးနားဟိုတယ် Executive Club ခန်းမ၌ ကျင်းပ သည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတစ်ဝန်းမှ ကုန်သည်ကြီးများ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)






## စလေအသင်း( ရန်ကုန် ) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၄

တောင်ဥက္ကလာပမြို့နယ် စလေသိင်္ဂီဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကန်ဦးကျောင်းတိုက် ပဓာနနာယက ဆရာတော်အမှူးပြုသော ဝါဆိုသံဃာတော်များအား စလေအသင်း(ရန်ကုန်)မှ (၁၀)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဝါဆိုလပြည့်နေ့ ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဦးဇော်ဝင်း-ဒေါ်ပြုံး ဖုန်း-၆၆၁၂၂၀၊ ဦးစောလွင်ရုံအမှတ်-၁၆၊ အခန်း(၂၃)၊ ဘုရင့်နောင်ဈေး ဖုန်း-၆၈၃၀၈၈၄၅၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၆၃)

## အရဟံဆွမ်းလောင်းလှူမည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ သံဃာ့ဒါန ဆွမ်းလောင်းအသင်းသည် ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ်တော်မူကြသော သံဃာအပါး ၁၀၀၀ နှင့် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀တို့ကို တနင်္လာနေ့တိုင်း အရဟံဆွမ်း လောင်းလှူခဲ့ရာ ယခုနှစ်(၁၉)ကြိမ်မြောက် ပထမဆွမ်းပတ်အဖြစ် ဇူလိုင် ၃၀ရက် တနင်္လာနေ့တွင် ဆွမ်း၊ ဆွမ်းဟင်းများ၊ ဆွမ်းဆန်တော်များ စတင်လောင်းလှူမည်ဖြစ်သည်။ လှူဒါန်းလိုသော စေတနာရှင်များ အသင်းတည်ရှိရာ အမှတ် (၀၀၁)၊ ရွှေလိပ်ပြာအိမ်ရာ ပန်းလှိုင်ရပ်ကွက် ဓမ္မာရုံ ကြည့်မြင်တိုင်မြို့နယ်သို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က-ပ)

## ရွှေညီလာ သဘင်ကျင်းချိန်မို့

☆ ထူးမြတ်သည့် သည်ချိန်ခါ
ရွှေညီလာ သဘင်ကျင်းချိန်မို့
လေပြည်မှာ မွှေးထုံသင်းပါဘိ
ဂုဏ်သတင်း လှိုင်လှိုင်ဝေ။

☆ နောင်အရှည် တွေးကာရှုပါလို့
ယုံကြည်မှု အပြန်အလှန်နှင့်
ဝန်းရံကာ တူမခွဲ
လက်တွဲ ခိုင်စေ။

☆ အရေးကြီးချိန်မို့
သွေးစည်းကြ မသွေအမှန်
အခြေခံဥပဒေ ပေါ်ပေါက်ရေးကို
ချင့်တွေးကာ မျှော်ရည်မှန်းပါလို့
စိတ်ဝမ်းမှာ ညီညာနေ
လွဲမသွေ အောင်မည်မုန်း။

☆ နိုးကြားစွာ ညီတူသတိတွေနှင့်
ရိုးသားစွာ ကြည်ဖြူအသိဝေလျက်
အမိမြေ စည်ပင်ဖြိုးရန်
ပြည်ကျိုးကို အတူဆောင်ဖို့
နောင်ညီဆွေ တွဲလက်ညီ
ပြည်သစ်ဆီ အရောက်သွားမည်
အားသွန်ကြိုးပမ်း။ ။

မောင်မောင်မိုးအောင်

## ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ အန်တိုနီယိုဒီဖာရီးယားအီးမာယာအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အန်တိုနီယို ဒီဖာရီးယားအီးမာယာသည် ၁၉၄၅ခုနှစ်တွင် မွေးဖွားခဲ့ပြီး လစ်စဘွန်းတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၉ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ဝင်ရောက်ခဲ့ပြီး ၁၉၇၉ခုနှစ်မှ ၂၀၀၁ခုနှစ် အထိ ပေါ်တူဂီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဇင်ဘာဘွေ၊ မိုဇမ်ဘစ်၊ နမီးဘီးယားနှင့် ယူကရိန်းနိုင်ငံများရှိ ပေါ်တူဂီနိုင်ငံ သံရုံးများတွင် ရာထူး အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်ထိ ချီလီနိုင်ငံဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၆ခုနှစ်မှ ယနေ့ထိ ထိုင်းနိုင်ငံဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အန်တိုနီယို ဒီဖာရီးယားအီးမာယာသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၅-၇-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၅ | ၃။ အမျိုးသားရေးတေးကဗျာ |
| ၄:၃၀ | ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ |
| ၅:၂၀ | ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၃၀ | ၈။ မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၅၀ | ၉။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ နိုင်ငံတကာသတင်း |
| ၆:၂၅ | ၁၂။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၄၀ | ၁၃။ လှုပ်လှုပ်ရှားရှားပုံရိပ်များ |
| ၇:၀၀ | ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြင်မြင်ချင်းပဲကွယ် (အပိုင်း-၁၅)** |
| ၈:၀၀ | ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ မိုးလေဝသသတင်း |
| | ၁၇။ အမျိုးသားရေးတေးကဗျာ |
| | ၁၈။ English Usage |
| | ၁၉။ ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းလောကမုန်တိုင်း" (ဒုတိယတွဲ) (အပိုင်း-၁၈)** |
| | ၂၂။ သင့်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ။ |

# ဗြိတိန်တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီး ဒေသအများစုမှာ ရေမြုပ်လျက်ရှိ

**လန်ဒန် ဇူလိုင် ၂၃**

ဗြိတိန်နိုင်ငံတွင် သောကြာနေ့က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ လူရာပေါင်း များစွာသည် ကားလမ်းများပေါ်နှင့် အပန်းဖြေနေရာများတွင် သောင်တင်ခဲ့ပြီး ဒေသအများစုမှာ ရေမြုပ်လျက်ရှိကြောင်း စကိုင်းရုပ်မြင်သံကြားဌာန၏သတင်းအရ သိရသည်။

**အစာရေစာပြတ်လပ်**

အင်္ဂလန်နှင့် ဝေလဒေသအချို့တွင် ရွာသွန်းခဲ့သည့် မိုးရေချိန်ပမာဏသည် တစ်လအတွင်း ရွာသွန်းသည့် ပမာဏထက်နှစ်ဆရှိသည်။ အင်္ဂလန်အလယ်ပိုင်းရှိ ဝေါ်ဆက်စတာရှိုင်းယား လမ်းမကြီးတစ်လျှောက်တွင် မော်တော်ယာဉ်များ ရေနစ်မြုပ်ပြီး ဒေသခံအချို့မှာ အစာရေစာ ပြတ်လပ်နေကြသည်။

ရေတပ်တပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**ဗြိတိန်နိုင်ငံအလယ်ပိုင်း ဝေါ်ဆက်စတာရှိုင်းယားဒေသ၌ ရေကြီးနေသည်ကို ဇူလိုင် ၂၂ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဒီဇယ်ဆီအမျိုးအစားသစ် ယူအေအီး၌ စတင်အသုံးပြုမည်

**အဘူဒါဘီ ဇူလိုင် ၂၃**

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) အဘူဒါဘီမြို့၌ သဘာဝပတ်ဝန်းကျင်နှင့် ပိုမိုသဟဇာတဖြစ်သည့် ဒီဇယ်ဆီ အမျိုးအစားသစ် တစ်မျိုးကို ဇူလိုင်လကုန်ထက် နောက်မကျဘဲ စတင်အသုံးပြုမည်ဖြစ်ကြောင်း ခါလီတိုင်းစ်သတင်းစာက သောကြာနေ့တွင် ဖော်ပြသည်။

ယင်းအစီအစဉ်မှာ မော်တော်ယာဉ်နှင့် စက်ရုံအားလုံးတွင် ကန့်ပါဝင်မှုနှုန်း မြင့်မားသည့် ဒီဇယ်ဆီအသုံးပြုမှုကို တဖြည်းဖြည်းရုပ်သိမ်းပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ဒီဇယ်ဆီကို စတင်အသုံးပြုမည့် အဘူဒါဘီ အုပ်ချုပ်ရေးအဖွဲ့၏ စီမံကိန်းတစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ရောမလေဆိပ်၌ ဗုံးခြိမ်းခြောက်မှုဖြစ်

**ရောမ ဇူလိုင် ၂၃**

အီတလီနိုင်ငံ ရောမလေဆိပ်၌ ဇူလိုင် ၂၁ ရက်က လန်ဒန်မြို့သို့ ထွက်ခွာမည့် လေယာဉ်၌ ဗုံးခြိမ်းခြောက်မှု ဖြစ်ပွားရာ ခရီးသည် ၁၆၅ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီးနောက် ဝန်စည်စလယ်များ အတွင်း ပစ္စည်းများ စစ်ဆေးရှာဖွေခဲ့ကြောင်း၊ လေးနာရီကြာ ကြန့်ကြာပြီးနောက်မှ လေယာဉ်ပျံသန်းခဲ့ရကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အေဇက်ဇ်-၂၀၃ လေယာဉ်ပေါ်တွင် ဖောက်ခွဲရေးပစ္စည်းများ ရှိသည်ဟု လူတစ်ဦးက ဖုန်းဖြင့် ပြောကြားပြီးနောက် ဗုံးရှာဖွေမှုကို ဆောင်ရွက်ခဲ့ကြသည်။

လေယာဉ်ပေါ်တွင် ဗုံးအဖြစ် သံသယဖြစ်စရာ ဘာမျှမတွေ့ရှိခဲ့ကြောင်း၊ ယင်းနောက် ခရီးသည်များကို လေယာဉ်ပေါ်သို့ ပြန်လည်တက်ရောက်ခွင့်ပြုခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ ရိုက်တာ။***



**တရုတ်နိုင်ငံ ဟီနန်ပြည်နယ်တွင် ကျင်းပသော ခရီးသွားလုပ်ငန်းအလှမယ်ပြိုင်ပွဲတွင် ပထမရရှိသည့် ဩစတြေးလျနိုင်ငံသူ အေမီဂျိမ်းစ္စတန်ကို ဇူလိုင် ၂၃ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဗုံးနှင့်ပတ်သက်၍ နောက်ပြောင်သူများအား ဖိလစ်ပိုင်၌ အရေးယူမည်

**မနီလာ ဇူလိုင် ၂၃**

ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ခိုက်ခံရ၍ အစုအပြုံလိုက် သေဆုံးမှု ဖြစ်ပေါ်ပြီးနောက်တွင် ဘတ်စ်ကားများပေါ်၌ ဗုံးရှိသည်ဟု နောက်ပြောင်ကျီစယ်မှုမျိုး ပြုလုပ်သူကို ထောင်ဒဏ်နှင့် ဒဏ်ငွေ အမြောက်အမြား ဒဏ်တပ်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဇူလိုင် ၁၉ ရက်တွင် သတိပေးချက် ထုတ်ပြန်သည်။

**အကောင်အထည်ဖော်**

ယခု ရက်သတ္တပတ်အစောပိုင်းက ဘတ်စ်ကားပေါ်တွင် ခရီးသည်နှစ်ဦးသည် လက်ဆွဲအိတ်ထဲ၌ ဗုံးပါလာသည်ဟု နောက်ပြောင်မှု ဖြစ်ပွားပြီးနောက် အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များတွင် ဗုံးနောက်ပြောင်မှု တားမြစ်ချက် ဥပဒေကို စတင်အကောင် အထည်ဖော်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိချုပ် အန်ဒရက်စ်ကာရိုက ပြောကြားသည်။

ဗုံးထောင်ထားသည်ဟု နောက်ပြောင်မှုမျိုး ပြုလုပ်သူသည် ထောင်ဒဏ်ငါးနှစ်ကျခံရမည်ဖြစ်ပြီး ပီဆို ၄၀၀၀၀ (အမေရိကန် ဒေါ်လာ ၈၈၀) ဒဏ်ငွေ ပေးဆောင်ရမည်ဖြစ်ကြောင်း ကာရိုက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ဆင်းရဲနွမ်းပါးဆုံးနိုင်ငံများအတွက် နည်းပညာအကူအညီ လိုအပ်

**ဂျီနီဗာ ဇူလိုင် ၂၃**

ကမ္ဘာပေါ်တွင် ဆင်းရဲနွမ်းပါးဆုံး နိုင်ငံများအနေဖြင့် ကြွယ်ဝချမ်းသာစေရန် နည်းပညာနှင့် ကျွမ်းကျင်မှု ရှိရန် လိုအပ်ကြောင်း၊ ယင်းကြောင့် အလှူရှင်နိုင်ငံများက သိပ္ပံနှင့်သုတေသန လုပ်ငန်းများအတွက် အကူအညီပေးသင့်ကြောင်း ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ညီလာခံ (အန့်တက်)က ကြာသပတေးနေ့တွင် ပြောကြားသည်။

သီးနှံထွက်နှုန်း တိုးမြှင့်ရေးနှင့် သီးနှံ အရည်အသွေး မြင့်မားရေးသည် ဆင်းရဲနွမ်းပါးသည့် အာဖရိက၊ လက်တင်အမေရိကနှင့် အာရှဒေသမှ နိုင်ငံအချို့အတွက် အရေးပါသည့် အချက်ဖြစ်ကြောင်း၊ ယင်းနိုင်ငံများတွင် ကျေးလက်လယ်ယာလုပ်ငန်း လုပ်ကိုင်သူများက မြို့ပြဒေသသို့ အများအပြား ရွှေ့ပြောင်းလာနေကြောင်း အန့်တက်က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အမေရိကန်ဂျင်နရယ် မော်တော်ကုမ္ပဏီ ချွတ်ယွင်းမှုရှိသည့် ယာဉ်အချို့ကို ပြန်လည်သိမ်းယူ

**အဘူဒါဘီ ဇူလိုင် ၂၃**

အမေရိကန်ပြည်ထောင်စုမှ ဂျင်နရယ်မော်တော်(ဂျီအမ်)ကုမ္ပဏီက အာရပ်စော်ဘွားများပြည်ထောင်စုသို့ တင်ပို့ထားသည့် ကားများအနက်မှ ချွတ်ယွင်းချက်ရှိသော ချက်ဗလက်အေဗီဒီယို မော်တော်ယာဉ် ၁၄၈၈ စီးကို ပြန်လည်သိမ်းယူခဲ့ကြောင်း ဒေသခံဂတ်ဖ်သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။ အဆိုပါကုမ္ပဏီက ၂၀၀၇ ခုနှစ်တွင် ထုတ်လုပ်သည့် ချက်ဗလက်အေဗီဒီယို မော်တော်ယာဉ် ၁၄၈၈ စီးတွင် ချွတ်ယွင်းချက်ရှိနေကြောင်း၊ မော်တော်ယာဉ်ရှေ့ပိုင်း အတိုက်ခံရပါက လောင်စာဖြည့်တင်းသည့်နေရာ အက်ကွဲနိုင်သည့်အတွက်ကြောင့်ဖြစ်ကြောင်း သတင်းစာက ဆက်လက်ဖော်ပြသည်။ ထိုကုမ္ပဏီက ယင်းသို့ချွတ်ယွင်းချက်ရှိသည့် မော်တော်ယာဉ်အရေအတွက် မည်မျှရှိသည်ကို အတိအကျသိရှိရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု သတင်းစာက ရေးသားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကြေးမုံ The Mirror နိုင်ငံခြား သတင်းများ



**အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ရောင်းချနေသည့် ဟယ်ရီပေါ်တာ ဝတ္ထုစာအုပ်များကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဆိုက်ပရပ်စ်၌တောမီးလောင်၊ လူ၁၀၀၀ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရ

**နီကိုးရှား ဇူလိုင် ၂၃**

ဆိုက်ပရပ်စ်နိုင်ငံတွင် တောမီးလောင်သည့်နေရာနှင့်နီးကပ်စွာရှိသော ရွာနှစ်ရွာမှ ပြည်သူ ၁၀၀၀ ခန့်ကို ဇူလိုင် ၁၆ရက်က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရလိုက်ကြောင်း မီးသတ်ဌာနက ပြောကြားသည်။

ထရိုဒို့စ်တောင်တန်း တောင်ဘက်ခြမ်းတွင် လောင်ကျွမ်းလျက်ရှိသော တောမီးကို မီးသတ်သမားများနှင့် ရဟတ်ယာဉ်များက ငြိမ်းသတ်လျက်ရှိသည်။ ယင်းဒေသသည် နွေရာသီအပူကို ရှောင်တိမ်းသည့် ဆိုက်ပရပ်စ် ပြည်သူများ၏ အပန်းဖြေအနားယူရာ နေရာဖြစ်သည်။ လေပြင်းတိုက်ခတ်မှုကြောင့် မီးလောင်မှု အားကောင်းနေသဖြင့် ပြည်ပနိုင်ငံများမှ အကူအညီများ ရယူရန် အာဏာပိုင်များက တောင်းခံထားသည်။ ***အင်တာနက်။***

## ✳ ရှေ့ဖုံးမှ

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက ပြည်နယ်၏ ဆီထွက်သီးနှံစိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ ၂၀၀၆-၂၀၀၇ခုနှစ်တွင် မြေပဲ၊ နှမ်းနှင့် နေကြာ စုစုပေါင်း ၃၃၉၇၂၈ဧက စိုက်ပျိုးခဲ့ပြီး ဆီဖူလုံမှုမှာ ၁၃ ဒသမ ၅၁ ရာခိုင်နှုန်းသာရှိမှု၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေး သုံးနှစ်စီမံကိန်းအရ နှစ်စဉ် တိုးတက်စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ပြည်နယ်မန်နေဂျာ ဦးခင်ဝင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ ဖြစ်ကြသော မော်လမြိုင်ခရိုင်မှ ဦးမောင်မောင်၊ သထုံခရိုင်မှ ဦးတင်အောင်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးလှကြီးတို့က ပြည်နယ်၏ ဆီထွက်သီးနှံ တိုးတက်စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့ကို အဘက်ဘက်က အားပေး ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်၌ ဆန်ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပိုလျှံလာပြီ ဖြစ်ကြောင်း၊ သို့ရာတွင် စားသုံးဆီ ဖူလုံမှုမရှိသေးကြောင်း၊ စားသုံးဆီ ဖူလုံရေးကို ပြည်နယ်နှင့်တိုင်းအသီးသီး၌ အလေးထား လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ စားသုံးဆီကို ပြည်ပမှ တစ်နှစ်လျှင် ဒေါ်လာသန်း ၃၀၀ ဖိုးခန့် ဝယ်ယူတင်သွင်းနေရကြောင်း၊ အဆိုပါကုန်ကျငွေကို လျှော့ချနိုင်ပါက နိုင်ငံတော်၏ အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက ပြည်နယ်နှင့်တိုင်းအလိုက် ဆီဖူလုံမှုရရှိအောင် ဆီထွက်သီးနှံများကို နည်းလမ်းအမျိုးမျိုးဖြင့် နှစ်စဉ် တိုးတက်စိုက်ပျိုး သွားကြရန် လမ်းညွှန်ထားကြောင်း၊ မွန်ပြည်နယ်အနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်မြှင့်တင်သွားရန်လိုကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် သံလွင်တံတား(မော်လမြိုင်)သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တံတားကြီး၏ ကြံ့ခိုင်ရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့နယ် အင်းပြောင်ကျေးရွာ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများအားလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက မြို့နယ်ဌာနဆိုင်ရာများအားလည်းကောင်း၊ သထုံ တပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးက ဒေသခံတိုင်းရင်းသားများအားလည်းကောင်း ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သတ်မှတ်နေရာအသီးသီး၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေး ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတွင် ပါဝင်စိုက်ပျိုးကြသူများအား လိုက်လံနှုတ်ဆက်အားပေးပြီး ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးခြင်းကို ဆက်လက်၍ အောင်မြင်အောင်စိုက်ပျိုး သွားကြရန် မှာကြားသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်-ရန်ကုန် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

## မိုးကုတ်ဝိပဿနာ (၁၀)ရက် စခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (ဂ)ရပ်ကွက် သံသုမာလမ်းရှိ သုဝဏ္ဏသိဂီဓမ္မရိပ်သာကျောင်းတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပြည်တွင်း ပြည်ပသာသနာပြုဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယနက ဩဂုတ်၃ရက်မှ ၁၂ရက်အထိ ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများနှင့် ဆွမ်းအလှူရှင်များ ဖုန်း-၅၇၂၃၉၅ သို့ ဆက်သွယ်စာရင်း ပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ ပုရိမဝါဆိုဝါကပ်တော်မူကြမည့် စာချ၊စာသင်သံဃာတော်များနှင့် ပင့်သံဃာတော်အပါး ၂၅၀အား ပရိယတ္တိသာသနပါလအသင်းက ကြီးမှူး၍ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင်၂၉ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီခွဲတွင် အထက်ပါကျောင်းတိုက် အဘိဓဇဆွမ်းစားကျောင်း၌ ကျင်းပမည်ဟု သိရသည်။ (က-ပ)





(၁၅)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ရွေ့ပြိုင်ပွဲဖွင့်ပွဲတွင် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇင်ယော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ❖ ပြည်ထောင်စုမြန်မာနိုင်ငံမှ

ဇူလိုင် ၂၅ရက်မှ ဩဂုတ် ၁၀ရက်အတွင်း လာရောက်အပ်နှံနိုင်ကြပြီး ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏တန်ဖိုးပေါ်တွင် ဝ ဒသမ ၄ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ်လည်းကောင်း၊ ရောင်းချရပါက ရောင်းချရရှိသည့်ငွေ နိုင်ငံခြားငွေဖြစ်ပါက တစ်ရာခိုင်နှုန်း၊ မြန်မာငွေကျပ်ဖြစ်ပါက သုံးရာခိုင်နှုန်းကို ကော်မရှင်ခအဖြစ်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်သို့ပေးဆောင်ရမည်ဖြစ်ကာ ရတနာခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် မြန်မာရူဘီအင်တာပရိုက်(စ်) ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်၊ အမှတ်(၂၄/၂၆) (ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၅၃ နှင့် ၃၇၀၅၆၁ တို့သို့ လည်းကောင်း၊ မြန်မာအင်ပရီယယ်လ်ဂျိတ် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် အမှတ်(၂၂) ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၆၂၁၈ နှင့် ၆၆၆၂၃၉ တို့သို့လည်းကောင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ရွေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

(၁၅)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ရွေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် သူရမောင်သိန်းခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော် တက်ရောက်၍ အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ လေတပ်စခန်းဌာနချုပ်မှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မြန်မာနိုင်ငံ လက်ရွေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော်(လေ)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါ ပြိုင်ပွဲကို ယနေ့မှစတင်ပြီး ဇူလိုင် ၂၇ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

## မဟာဗောဓိပရိယတ္တိစာသင်တိုက်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးတော်မူကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ အမှူးရှိသော သံဃာတော် ၂၇၈ ပါးနှင့် ပင့်သံဃာတော် အရှင်မြတ်တို့အား (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်)၊ ဇူလိုင် ၂၈ ရက် (စနေနေ့)တွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်များအား ပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (က-ပ)

## ချင်းတွင်းမြစ်ရေ အခြေအနေ

နေပြည်တော် ဇူလိုင် ၂၄

**ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မော်လိုက်မြို့တွင် စင်တီမီတာ ၁၁၉၀ သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀ အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။**

**ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ကလေးဝမြို့တွင် ၁၄၃၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၁၅၅၀ သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။**

## မားစ်ခြင်ဆေးခွေကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

မားစ်ခြင်ဆေးခွေ ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Asia Light Co., Ltd. မှ ဒါရိုက်တာ ဦးစိုးမြင့်နှင့် Sumitomo Chemical Co.,Ltd. မှ လက်ထောက်အထွေထွေမန်နေဂျာ Mr. Manabu Eikuma တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် Sumitomo Chemical Co., Ltd. မှ မန်နေဂျာ Mr. Wilfian Lee က မားစ်ခြင်ဆေးခွေများတွင် ထည့်သွင်းအသုံးပြုထားသည့် ပိုးသတ်ဆေးအကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

မားစ်ခြင်ဆေးခွေကို Asia Light Co.,Ltd. က ၂၀၀၆ခုနှစ် မေလမှ စတင်ဖြန့်ချိခဲ့သည်။ မားစ်ခြင်ဆေးခွေသည် ပြည်တွင်းဈေးကွက်ရှိ အရောင်းရဆုံးခြင်ဆေးခွေများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ အစွမ်းထက် ထိရောက်ဘေးအန္တရာယ်ကင်းသော နည်းပညာများကို အသုံးပြုကာ မားစ်ခြင်ဆေးခွေကို ထုတ်လုပ်ထားသည်။ အသုံးပြုသော နည်းပညာသစ်မှာ ဂျပန်နည်းပညာဖြစ်ပြီး အသုံးပြုသော ပိုးသတ်ဆေးများကို ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းထားခြင်းဖြစ်သည်။

မားစ်ခြင်ဆေးခွေကို Mars (10 coils), Mars News(10 coils), Mars Gold (12 coils), Mars Super (10 coils), Mars Power(12 coils) တို့ဖြင့် အမျိုးအစားငါးမျိုးခွဲပြီး ထုတ်လုပ်ဖြန့်ချိထားသည်။ နည်းပညာအသစ်မှာ ယခင်အသုံးပြုထားသော နည်းပညာတွင်ပါဝင်သည့် ပိုးသတ်ဆေးနှုန်းထားနှင့် တူညီပြီး သုံးစွဲသူများအတွက် ပိုမိုထိရောက်ဘေးအန္တရာယ်ကင်းသော စွမ်းအင်ကို ပေးစွမ်းနိုင်သည်။

အစွမ်းထက်သော သဘာဝဆေးပင်များကိုသာ အသုံးပြုဖော်စပ်ထားပြီး ဓာတုဗေဒအမွှေးရနံ့များ အသုံးပြုထားခြင်းမရှိပါ။ ထို့ကြောင့် သုံးစွဲသူမိသားစုနှင့် အထူးသဖြင့် ကလေးငယ်များတွင် ဘေးထွက်ဆိုးကျိုးမရှိဘဲ ထိရောက်သော ကာကွယ်မှုကို ပေးစွမ်းနိုင်သည်။ မားစ်ခြင်ဆေးခွေသည်ရှစ်နာရီကြာ အထွန်းခံသည်။ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဈေးကွက်တွင် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






မားစ်ခြင်ဆေးခွေ ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲတွင် Asia Light Co.,Ltd.မှ ဒါရိုက်တာ ဦးစိုးမြင့် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# သီလက္ခန်နှင့် ပါရာဇိကကဏ်ပို့ချမည်

**ရန်ကုန်  ဇူလိုင်  ၂၄**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာခုပရိယတ္တိစာသင်တိုက်ရှိ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်မှ ဘဒ္ဒန္တတေဇောသာရာဘိဝံသ (ရွှေညဝါ)သည် ဇူလိုင် ၂၆ရက်မှ စတင်၍ ဥပုသ်နေ့မှအပ နေ့စဉ် မွန်းလွဲ ၁နာရီတွင် သီလက္ခန်နှင့် ပါရာဇိကဏ်တို့ကို အဆိုပါစာသင်တိုက်ရှိရွှေညဝါပညာ့ဗိမာန်ကျောင်းတော်၌ပို့ချမည်ဖြစ်ကြောင်းသိရှိရသည်။

(က-ပ)

## ✧ ကာကွယ်ရေးမှ

ကြိတ်ရာမှထွက်လာသည့်အဆီကို ဇီဝလောင်စာဒီဇယ်ဆီအဖြစ် ထည့်သွင်းအသုံးပြု၍ရနိုင်ခြင်း၊ ကျန်ရှိသောကြိတ်ဖတ်ကိုသဘာဝမြေသြဇာအဖြစ် သုံးစွဲနိုင်ခြင်း၊မြေဆီလွှာပြုန်းတီးမှုကာကွယ်ခြင်း၊ထင်းရရှိခြင်း၊သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုခြင်း၊ခြံစည်းရိုးအဖြစ် ကာရံခြင်း၊ လယ်ယာကန်သင်းများတွင် ကာရံခြင်းတို့အတွက် ခြံစည်းရိုး ကြက်ဆူပင်ကို စိုက်ပျိုးရန်လိုအပ်လာကြောင်း။

ခြံစည်းရိုးကြက်ဆူပင်ကို မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ အခြားအပင်များစိုက်ပျိုး၍ မဖြစ်ထွန်းနိုင်သော မြေညံ့များတွင် စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူလူထု၏ သစ်တောစိုက်ခင်းများတွင် တစ်အုပ်တစ်မ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊နိုင်ငံတော်စီမံကိန်းဝင် သီးနှံအဖြစ် စိုက်ခင်းကြီးများ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ပြည်သူလူထုတွင် အလုပ်အခွင့်အလမ်းများ ရရှိနိုင်မည်သာမကနိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်တင်းပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေနှင့်ဝယ်ယူတင်သွင်းနေရသည့် စက်သုံးဆီဝယ်ယူရမှု သက်သာလာသည်နှင့်အမျှ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုလုပ်နိုင်မှာဖြစ်ကြောင်း၊ ယခုကဲ့သို့ ကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားများကို တပ်နယ်အလိုက်တွင် ကျင်းပပြီး တပ်နယ်အတွင်း၌ တပ်ရင်း/တပ်ဖွဲ့အနေဖြင့် ရန်ကုန်တိုင်းအနေဖြင့်ခြံစည်းရိုးကြက်ဆူပင်ကို သတ်မှတ်အရေအတွက်ပြည့်မီအောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဖြစ်မနေအောင်မြင်အောင် အကောင်အထည်ဖော် စိုက်ပျိုးသွားကြရန် အထူးအလေးအနက် မှာကြားလိုကြောင်း။

ခြံစည်းရိုးကြက်ဆူပင်သည် နိုင်ငံအတွင်း နေရာမရွေးစိုက်ပျိုးနိုင်ပြီး ဂရုစိုက်မှုအနည်းဆုံးဖြင့် စိုက်ပျိုးနိုင်လျှင် တစ်ဧကအပင် ၁၂၀၀ ဝင်ဆံ့မည်ဖြစ်ကြောင်း၊ ခြံစည်းရိုးအဖြစ်စိုက်လျှင်တစ်ပင်နှင့်တစ်ပင် လေးပေအကွာထားစိုက်ပြီး ခြံစည်းရိုးအဖြစ် ခြောက်ဧကတွင် စိုက်ပျိုးပါက တစ်ဧကစာ ရရှိမည်ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀ မှ ဇီဝဒီဇယ်ဆီ ဂါလန် ၁၀၀ထွက်ရှိလာမည်ဖြစ်ကြောင်း၊ တွက်ခြေကိုက်ပြီး အသုံးဝင်မှုလည်းများကာ ပြည်တွင်းဝင်ငွေဖြင့် လောင်စာဆီကိစ္စကိုလည်း ဖြေရှင်းနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အင်းတိုင်တပ်နယ်မှူး ဗိုလ်မှူးကြီးစန်းမြင့်ဦးက အင်းတိုင်တပ်နယ်၌ ခြံစည်းရိုးကြက်ဆူပင် ဧက ၁၆၅၀ ကို ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ သတ်မှတ်လျာထားဧက ၁၆၅၀ တွင် စိုက်ပျိုးပြီး ၁၂၀၁ ဒသမ ၅ ဧက ရှိကြောင်း၊ စိုက်ပျိုးရန် ကျန်ရှိသည်မှာ ၄၄၈ ဒသမ ၅ ဧကဖြစ်ကြောင်း၊ ဆက်လက်စိုက်ပျိုးရန် မျိုးစေ့ ၃၆၄ ဒသမ ၆၉ ပြည်နှင့် မျိုးကိုင်း ၇၈၀၀၀ စုဆောင်းထားရှိပြီး အချိန်မီ ပြီးစီးရန် ကြပ်မတ်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ယခုနှစ်မိုးရာသီတွင် တပ်ရင်း/တပ်ဖွဲ့များ၌ ရတနာတန်းဝင်ပင် ၁၆၅၀၀ နှင့် အရိပ်ရ လေကာပင် ၄၁၀၀၀တို့ကိုလည်း စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သတ်မှတ်နေရာ၌ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်နယ်မှူး ဗိုလ်မှူးကြီးစန်းမြင့်ဦးနှင့်တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သတ်မှတ်နေရာ၌ ရတနာတန်းဝင် ပျဉ်းကတိုးပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ရတနာတန်းဝင် ပိတောက်ပင်ကိုလည်းကောင်း၊ တပ်နယ်မှူး ဗိုလ်မှူးကြီးစန်းမြင့်ဦးက ရတနာတန်းဝင် ကျွန်းပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ခြံစည်းရိုးကြက်ဆူပျိုးပင်ပေါက်များ၊ မျိုးကိုင်းနှင့် မျိုးစေ့များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းတို့သည် ခြံစည်းရိုး ကြက်ဆူမျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းစိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အင်းတိုင်တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊စစ်သည်များနှင့် မိသားစုများက ခြံစည်းရိုးကြက်ဆူပင်များ၊ ရတနာတန်းဝင် သစ်ပင်များနှင့် အရိပ်ရလေကာပင်များ တပျော်တပါး စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာနသို့ ရောက်ရှိကြပြီး ဖြစ်ထွန်းအောင်မြင်သီးပွင့်လျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်များကို လိုက်လံကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီး ဦးသင်းအောင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

## ❍ ရှမ်းပြည်နယ်မှ

ရှေးဦးစွာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က အမျိုးသမီးနှင့်ကလေးအထူးကုဆေးရုံကြီး သုံးထပ်အဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး အမျိုးသမီးနှင့်ကလေးအထူးကုဆေးရုံကြီး ဆိုင်းဘုတ်နှင့်သုံးထပ်အဆောင်သစ်ကမ္ပည်းမော်ကွန်းကြေးပြားကို ရှမ်းပြည်နယ် အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ် သောင်းအေး၊ ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က သုံးထပ်အဆောင်သစ် ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်များသည် သုံးထပ်အဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တောင်ကြီးမြို့သားဖွား သင်တန်းကျောင်းခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာတိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံသူ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ပါမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် လူတိုင်းကျရာကဏ္ဍကနေ အင်ပြည့်အားပြည့် ကြိုးပမ်းနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော် ကာကွယ်ရေးအတွက်လည်း အားသွန်ခွန်စိုက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့အသက်ရှည်သည့် နိုင်ငံသူနိုင်ငံသား လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းစေရန် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူပြီး ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဆေးဝါးကုသမှုနှင့် ရောဂါကာကွယ်မှုအခွင့်အလမ်းတို့ကို နေရာဒေသမရွေး၊ အချိန်မရွေး ခံစားနိုင်ရန် ဆေးရုံဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ခေတ်မီ ဆေးရုံသုံးပစ္စည်းကိရိယာများ၊ ဆေးဝါးများကို ဖြည့်တင်းပေးခြင်းနှင့် ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများတိုးတက်မှုကိုကြည့်လျှင် ၁၉၈၈ခုနှစ်တွင် တစ်နိုင်ငံလုံးတွင် အထွေထွေနှင့်အထူးကုဆေးရုံကြီးများ အပါအဝင် ဆေးရုံပေါင်း ၆၃၁ ရုံ သာရှိခဲ့ရာမှ ယနေ့အထိ ဆေးရုံပေါင်း ၈၃၂ ရုံရှိလာကြောင်း။

ဆေးရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာတွင်လည်း (၂၅)ခုတင်မှ ခုတင်(၅၀)၊ ခုတင်(၁၀၀)မှ ခုတင်(၂၀၀)၊ နောက်ဆုံး ခုတင်(၃၀၀)ဆံ့ဆေးရုံကြီးများနှင့် ခုတင်(၈၀၀)ဆံ့ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၆၀ အဆင့် တိုးမြှင့်ပေးနိုင်ခဲ့ပြီး ဆေးရုံသစ် ၂၀၁ရုံကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယင်းဆေးရုံသစ်ကြီးအတွက် မရှိမဖြစ်လိုအပ်သည့် ဆေးရုံသုံးပစ္စည်း ကိရိယာများနှင့် ခွဲစိတ်မှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ ဆေးဝါးများကိုလည်း ဖြည့်ဆည်းပေးထားကြောင်း။

ကျန်းမာရေးဝန်ထမ်းများကလည်း တာဝန်သိသိဖြင့် အမိနိုင်ငံတော်၏ ကျေးဇူးတရားကို တုံ့ပြန်သည့် အနေဖြင့် ရိုးသားကြိုးစားပြီး ကျရာတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ပေးစေလိုကြောင်းနှင့် လူနာများအပေါ် စေတနာထား ပြုစုကုသပေးကြရန်လည်း အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ နောင်တုံဆောက်လုပ်ရေးကုမ္ပဏီမှ ဦးစိုင်းတစ်အောင်က သုံးထပ် အဆောင်သစ်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်က လက်ခံသည်။

ယင်းနောက် နောင်တုံဆောက်လုပ်ရေး ကုမ္ပဏီက ဖွင့်ပွဲအထိမ်းအမှတ် ကြေးပြား တံဆိပ်များကို တိုင်းမှူးနှင့် ဝန်ကြီးများအား ပေးအပ်သည်။

ထို့နောက် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးရုံအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကမ္ဘောဇဘဏ် လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်နန်းသန်းထွေးတို့က ငွေကျပ်သိန်း ၁၀၀ နှင့် ဦးစိုင်းတစ်အောင်(နောင်တုံဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ် ၄၅သိန်းတို့ကို လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက လက်ခံသည်။

ဆက်လက်၍ Airsep ဝယ်ယူရန် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ငွေကျပ် ၁၅သိန်းနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဦးအေးကျော်၊ ဒေါ်အေးအေးမြင့် (ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ကုန်သည်ကြီးများအသင်း) က ငွေကျပ် ငါးသိန်းနှင့် ဦးအေးဝင်း (အင်ကြင်းမွှေးကုမ္ပဏီ)က ငွေကျပ် ၁၃သိန်း တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြောင်းသိရသည်။

(သတင်းစဉ်)



## ကြည့်ရှုအားပေး

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီးများ၊ ဧည့်သည်တော်များ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီး သုံးထပ်အဆောင်သစ် ဖွင့်ပွဲတွင် လူနာများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ဗိုလ်ဆွန်ပက်(အောက်)လမ်း ဝါတွင်းဆွမ်းလောင်းလှူမည်

**ရန်ကုန်  ဇူလိုင်  ၂၄**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်(အောက်)လမ်း ဆွမ်းလောင်းအသင်းက ၁၃၆၉ခုနှစ် (၃၅)ကြိမ်မြောက် ဝါတွင်း တနင်္ဂနွေနေ့ အရဏ်တိုင်း သံဃာတော်များအား ဆွမ်းလောင်းလှူကြမည်ဖြစ်ရာ ဆွမ်းခံကြွတော်မူရန် ပင့်လျှောက်ထားကြောင်းသိရသည်။

(က-ပ)



**ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် (၄၅)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်းလှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက်က ပြုလုပ်ရာ စာသင်တိုက် ဆရာတော်ကြီးအား ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်အေးသောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်စိုးနှင့် အမှုဆောင်များက ဆက်ကပ်လှူဒါန်းစဉ်။** (ဝ၄)

# ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်း အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်

**ရန်ကုန်  ဇူလိုင်  ၂၄**

ရှေ့နေချုပ် ဦးအေးမောင်နှင့်ဇနီး ဒေါ်ခင်မြမြတို့အား အမှူးထား၍ ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအသင်းကြီး၏ အကြိမ် (၂၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ဗဟန်း (၂)လမ်းထောင့်ရှိ ရှေ့နေချုပ်ရုံးခမ္ဘာရုံ၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးထွန်းထွန်းဦး၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဧည့်သည်များ၊ ရှေ့နေချုပ်ရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ရန်ကုန်တိုင်း ဥပဒေရုံးနှင့် တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ အရာထမ်း အမှုထမ်းများနှင့် ၎င်းတို့၏ မိသားစုများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်းပွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မဟာရာဇိကာရုံကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တဓမ္မပိယအမှူးပြုသော သံဃာတော် (၁၀)ပါးတို့အား ဆွမ်း၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းပြီး နာယကဆရာတော် ဘဒ္ဒန္တဓမ္မပိယထံမှ ပရိသတ်တို့က ငါးပါးသီလနှင့် ရေစက်ချတရားတော်နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

# အောင်ပင်လယ်စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၂)ဝိုင်း၊ အောင်ပင်လယ်ပရိယတ္တိ စာသင်တိုက်၌ ပုရိမဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးရှိသော စာချစာသင် သံဃာတော်များအား ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲနှင့် စာအောင်သံဃာပူဇော်ပွဲ တို့ကို (၁၃၆၉ခု ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင် ၂၉ရက် တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြည်ညို လှူဒါန်းနိုင်ရန် ဥပဋ္ဌာကအဖွဲ့က တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(က-ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၇-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ပရိတ်တရားတော် -ဝါဆိုမည်ဆန်းမြတ်သင်္ကန်း
- ၇:၂၀ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၀ ၇။ ကုန်စည်တိုးပွား တွံတေးတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(ဓာတုဗေဒ၊ရူပဗေဒ၊သတ္တဗေဒ၊ရုက္ခဗေဒအထူးပြုများ)(ဓာတုဗေဒ) -ဝါဆိုမည်ဆန်းမြတ်သင်္ကန်း
- ၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၀၀ ၅။ မြန်မာစာ၊ မြန်မာစကား
- ၅:၁၅ ၆။ သီချင်းကြီးသရုပ်ဖော်
- ၅:၂၅ ၇။ ရသပေါ်လွင်သရုပ်ဆောင် လွင်ပြင်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၁။ Discovery.
- ၇:၁၅ ၁၂။ ပျော်ရွှင်ဆင်နွှဲဝါဆိုပန်းခူးပွဲ
- ၇:၃၀ ၁၃။ **"မီးမီးရဲ့ဆုံးဖြတ်ချက်" (နေအောင်၊ထွန်းထွန်းဝင်း၊မေသဥ္ဇာဦး၊ပြည့်ဖူးခိုင်၊ဇာဇာမင်းထက်)(ဒါရိုက်တာ-အောင်မိုး(ပဲရစ်)**
- ၇:၃၅ ၁၄။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (မြန်မာနိုင်ငံမူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းချက်)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း "ဖျော့ဖျော့လေးနဲ့လှတဲ့ပန်း" (နိုင်းနိုင်း၊အိန္ဒြာကျော်ဇင်)(ဒါရိုက်တာ-မောင်မောင်ဦး-စနိုးပွိုက်)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

# ဝမ်းကိုက်ရောဂါနှင့် မြန်မာ့တိုင်းရင်းဆေးပညာ

ဝင်းထိန်ကျော်
(တိုင်းရင်းဆေးပညာဦးစီးဌာန)

မြန်မာ့တိုင်းရင်းဆေးပညာမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါးက အထူးပဲအရေးပါလှပါတယ်။ အဲဒီအထဲကမှ သတ္တလောက၊ သြကာသလောကနဲ့ သင်္ခါရလောကဆိုတဲ့ လောကကြီး သုံးပါးစလုံးနဲ့ သက်ဆိုင်တဲ့ ဥတုရဲ့အရေးကြီးပုံလေးကို အနည်းငယ် တင်ပြချင်ပါတယ်။ ဥတုက ဘယ်လောက်အထိ အရေးပါသလဲဆိုရင် ဖြစ်မှုပျက်မှု တေဇောပြုဆိုပြီး ဥတုတေဇောဓာတ်က စကြဝဠာကြီး တစ်ခုလုံး ဖြစ်ပေါ်လာအောင်၊ ပျက်စီးသွားအောင် ဆောင်ရွက်နိုင်တဲ့အထိ အစွမ်းရှိပါတယ်။ ဒါ့ကြောင့် ဥတုရာသီအလိုက် ဖြစ်ပွားတတ်တဲ့ ရောဂါတွေကို မြန်မာ့တိုင်းရင်းဆေးပညာအမြင်နဲ့ ကာကွယ်နိုင်အောင်၊ ဖြစ်လာခဲ့ရင်လည်း ကုသနိုင်အောင် ရာသီအလိုက် ဖြစ်ပေါ်တတ်တဲ့ ရောဂါတွေနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ သဘောသဘာဝတွေကို တင်ပြသွားမှာဖြစ်ပါတယ်။

အခုအချိန်က ဝသန္တလို့ခေါ်တဲ့ မိုးရာသီပါ။ မိုးရာသီဆိုပေမယ့် မိုးဦးပိုင်းကာလပါ။ မိုးဥတုဟာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ကစလို့ တန်ဆောင်မုန်းလပြည့်နေ့မှာ ကုန်ဆုံးပါတယ်။ မိုးရာသီမှာ အပူနဲ့ အအေး အားပြိုင်ပြီး ဝါယောဓာတ်လို့ခေါ်တဲ့ လေဒေါသ လွန်ကဲဖောက်ပြန်လေ့ရှိပါတယ်။ ဒါ့ကြောင့် လေဖောက်ပြန်လို့ဖြစ်ရတဲ့ ဝမ်းလျှော-ဝမ်းပျက်၊ ဝမ်းကိုက်၊ အစာမကြေ၊ လေထိုးလေအောင့်နဲ့ သန်တုတ်စတဲ့ ရောဂါတွေ အဖြစ်များလေ့ရှိပါတယ်။ ဖော်ပြခဲ့တဲ့ ရောဂါတွေ မဖြစ်ပွားအောင် လေနိုင်တဲ့ ချိုချဉ်ငန်ခါး အရသာဖြစ်တဲ့ ရှောက်၊ သင်္ဘော၊ ကြက်သွန်ဖြူ၊ ကြောင်ပန်းရွက်၊ ဆားပုပ်၊ သိန္ဓော၊ ကျောက်ချဉ်၊ ဆားခါး၊ ဆင်တုံးမနွယ်၊ ကြောင်လျှာ၊ ခွေးတောက်၊ တမာတို့လို အစားအစာတွေ ဦးစားပေးစားသောက်ပေးရပါတယ်။

ဝမ်းလျှော၊ ဝမ်းပျက်ရောဂါနဲ့ ဝမ်းကိုက်ရောဂါဟာ မြန်မာနိုင်ငံသာမက ကမ္ဘာအရပ်ရပ်မှာပါ အဖြစ်များလှတဲ့ ရောဂါတွေပဲဖြစ်ပါတယ်။ ဒီအတွက် မိုးရာသီမှာ အဖြစ်များလေ့ရှိတဲ့ ဝမ်းကိုက်ရောဂါနဲ့ ပတ်သက်လို့ မြန်မာ့တိုင်းရင်းဆေးပညာအမြင်နဲ့ ရှောင်ကြဉ်ဖို့၊ လိုက်နာဖို့ သတိပြုစရာတွေကို ဦးစားပေး တင်ပြသွားမှာ ဖြစ်ပါတယ်။

**ဝမ်းကိုက်ရောဂါဟာ မြန်မာနိုင်ငံရဲ့ အဓိကရောဂါကြီးခြောက်မျိုးမှာ ပါဝင်တဲ့အတွက် ဒီရောဂါကို မဖြစ်ပွားအောင် ကာကွယ်စောင့်ရှောက်ဖို့နဲ့ ဖြစ်ပွားလာခဲ့ရင်လည်း ထိထိရောက်ရောက် ကုသမှုပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဝမ်းကိုက်ရောဂါတို့၊ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါတို့ဟာ ရာသီဥတု မရွေး၊ နေရာဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပေမယ့် အခုလို မိုးတွင်းကာလတွေမှာ ပိုလို့ အဖြစ်များလေ့ရှိတာ တွေ့ရပါတယ်။ အခုလို မိုးရာသီမှာ အသီးအနှံတွေကလည်း အလျှံပယ်ပေါများနေတော့ အသီးမှည့်တွေနဲ့အတူ ပိုးမွှားတွေကို သယ်ဆောင်လာတဲ့ ယင်တွေကလည်း ပေါများလှပါတယ်။ အသီးအနှံတွေ ပေါများလှတဲ့ ဝါဆို-ဝါခေါင် ရေတွေကြီးလို့ သပြေသီးတွေ မှည့်တဲ့အချိန်တွေမှာ ပိုးမွှားတွေ ခိုအောင်းနေတဲ့၊ မလတ်ဆတ်တဲ့ အသီးမှည့်တွေ စားသောက်ရာကတစ်ဆင့် ဝမ်းကိုက်ရောဂါဟာ ပိုမိုဖြစ်ပွားလေ့ ရှိတတ်ပါတယ်။ ဒီအတွက် အစားအသောက်သန့်၊ သောက်သုံးရေသန့်၊ တစ်ကိုယ်ရေသန့်၊ အိမ်သာသန့်၊ ပတ်ဝန်းကျင်သန့်ရှင်းဖို့ အထူးဂရုပြု လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။**

တိုင်းရင်းဆေးပညာအလိုအရ ကျန်းမာကြောင်း၊ အသက်ရှည်ကြောင်းနဲ့ အနာရောဂါဖြစ်ခြင်း အကြောင်းတွေမှာ ခုနကအစမှာ ဖော်ပြခဲ့တဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါးဟာ အရေးပါသလို ရောဂါတစ်ခုကို ကုသပျောက်ကင်းခြင်းရဲ့ အကြောင်းဟာလည်းပဲ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ ဒီသမုဋ္ဌာန်လေးပါးပဲ ဖြစ်ပါတယ်။ ဘေသဇ္ဇနယလို့ခေါ်တဲ့ အာယုဗေဒဆေးပညာမှာ ကာလ၊အတ္တ၊ကမ္မဆိုတဲ့ အကြောင်းသုံးပါး မညီညွတ်ဘဲ ဖောက်ပြန်ရင် ဒေါသ၊ ဓာတ်၊ မလဆိုတဲ့ ခန္ဓာကိုယ်ကို တည်ဆောက်ဖွဲ့စည်းထားတဲ့ အုပ်စုကြီးသုံးခုရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ မှန်ကန်မှုမရှိဘဲ ရောဂါတွေ ဝင်ရောက်လာနိုင်တယ်လို့ "စရကသံဟိတာ၊ မာဓဝနိဒါန်း၊ ဘေသဇ္ဇမဉ္ဇူသာ" အစရှိတဲ့ ဆေးကျမ်းကြီးတွေမှာ ပြဆိုထားပါတယ်။

ဝမ်းကိုက်ရောဂါနဲ့ပတ်သက်လို့ မြန်မာ့တိုင်းရင်းဆေးပညာ ဝေါဟာရအခေါ်အဝေါ်ကို အနည်းငယ်တင်ပြလိုပါသေးတယ်။ ဝမ်းကိုက်ရောဂါကို ပါဠိဘာသာနဲ့ ဂဟဏီ၊ ပဝါဟိနီလို့ခေါ်ပါတယ်။ ဂဟဏီဆိုတဲ့ ဝေါဟာရကို အဓိပ္ပာယ်သတ်မှတ်ရာမှာ ဆန့်ကျင်တဲ့ အကြောင်းများကြောင့် ဝမ်းမီးပျက်စီးမှု ဖြစ်တဲ့အတွက် ဝမ်းဗိုက်ထိုးကျင့် နာကျင်ခြင်းနဲ့ ဝမ်းအကြိမ်ကြိမ် သွားရတယ်။ သွားတဲ့ဝမ်းဟာလည်း ပုံမှန်ဝမ်းသွားသလို မဟုတ်ဘဲ နည်းနည်းပဲ အရိအရွဲနဲ့တကွ သက်ဆင်းတယ်။ တစ်ခါတစ်ရံ ခက်မာပြီး တစ်ခါတလေတော့ နူးညံ့ပျော့ပျောင်းစွာ သက်ဆင်းတယ်။ အဲဒီရောဂါကို ဂဟဏီ- ဝမ်းကိုက်ရောဂါလို့ သတ်မှတ်ခေါ်ဆိုတာ တွေ့ရပါတယ်။

ဂဟဏီ၊ ပဝါဟိနီဝမ်းကိုက်ရောဂါဖြစ်စေတဲ့ အကြောင်းတွေကို ဆက်လက်လေ့လာကြည့်ရင်-

- **အလွန်အစာကြေ ကျက်ခဲတဲ့အစာ၊ ဆန့်ကျင်ဘက်အစာ၊ ရောနှော မစားသင့်တဲ့အစာ၊ အလွန်အေးတဲ့အစာတို့ကို လွန်ကဲစွာ အကြိမ်ကြိမ် စားသောက်ခြင်း၊**
- **မလတ်ဆတ်တဲ့အသား၊ ငါး၊ သစ်သီးသစ်ဥများနှင့် လက်လုပ်ချဉ်စသည်တို့ကို လွန်စွာစားသုံးခြင်း၊**
- **ပူစပ်အရသာရှိတဲ့ မှျစ်၊ ငရုတ်သီး၊ ငရုတ်ကောင်း စသည်တို့ကို လွန်ကဲစွာစားသုံးခြင်း**
- **ရက္ခမှုဆား၊ ပြာဆားစသည်တို့အား ချိန်ဆမှုမရှိဘဲ သောက်သုံး၍ သည်းခြေဒေါသ ဖောက်ပြန်ပျက်စီးခြင်း**
- **မသန့်ရှင်းတဲ့ရေ၊ မသန့်ရှင်းတဲ့ အစားအစာတို့ကို စားသောက်သုံးစွဲခြင်း**
- **ပါစကတေဇောစွမ်းရည် ကောင်းမွန်မှုမရှိသေးမီ မသင့်သောအစာများကို အလွန်အကြူး စားသောက်ခြင်း**
- **ဝမ်းမီးညီညွတ်မှုမရှိခြင်း၊ ဝမ်းမီးဖောက်ပြန်ခြင်း**
- **ပိုးတို့ကြောင့်အစာသစ်အိမ်၊ အစာဟောင်းအိမ်နှင့် သည်းခြေဒေါသအား ဖျက်ဆီးခြင်းစတဲ့ အကြောင်းတွေကြောင့် ဒီရောဂါဖြစ်ရတယ်လို့ ကျမ်းဂန်တွေမှာ ပြဆိုထားပါတယ်။ အနောက်တိုင်းဆေးပညာမှာ ဝမ်းကိုက်ရောဂါဟာ ကပ်ပါးပိုးအမီးဗားကြောင့်သော်လည်းကောင်း၊ ဘက်တီးရီးယားပိုး (ရှီဂဲလား)ကြောင့် သော်လည်းကောင်း ဖြစ်ရတယ်လို့ဆိုပါတယ်။**

ဝမ်းကိုက်ရောဂါမဖြစ်ခင် တင်ကြိုပြီးဖြစ်တတ်တဲ့ ပုဗ္ဗရုပ်ခေါ် ရှေ့ပြေးလက္ခဏာများကတော့-

- **စားလိုက်တဲ့အစာများ ကောင်းစွာမကြေကျက်ခြင်း၊ ရေအလွန်ငတ်ခြင်း၊ ပျင်းရိလေးလံခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ကိုယ်လက်လေးလံ၍ လုပ်ကိုင်လိုစိတ် မရှိခြင်းတို့ ဖြစ်ကြပါတယ်။**

တိုင်းရင်းဆေးကျမ်းများမှာ ဝမ်းကိုက်ရောဂါလက္ခဏာတွေကို ဖော်ပြရာမှာ အပြစ်ပြုတဲ့ဒေါသ၊ ဓာတ်အုပ်စုများအလိုက် ခွဲခြားပြီး ပြဆိုထားပါသေးတယ်။ အဲဒီလက္ခဏာရပ်တွေကတော့-

- **သွားတဲ့ဝမ်းဟာ ကျိချွဲပျစ်ခဲခြင်း၊ အနည်းငယ်သာ သွားခြင်း ထိုးကျင့်နာကျင်လျက် ဝမ်းအကြိမ်ကြိမ်သွားခြင်း၊ လည်ချောင်းခံတွင်းခြောက်ခြင်း၊ ခံတွင်းအရသာပျက်ခြင်း၊ ပုပ်ညှီတဲ့အနံ့ရှိခြင်း၊ ဝမ်းရဲ့အရောင်အဆင်း အမျိုးမျိုးရှိခြင်း၊ အချို့သွေးပါခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ အမြှုပ်နှင့်တကွ ဝမ်းသက်ခြင်း၊ အသံနှင့်တကွ ဝမ်းသွားခြင်း၊ ဝမ်းဗိုက်အတွင်းမှ ဆုပ်ညှစ်ထားသကဲ့သို့ နာကျင်ခြင်း၊ ဝမ်း၌ တကြုတ်ကြုတ်မြည်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်တတ်ခြင်း၊ နံဘေးပေါင်၊ တင်ပါးတို့ မပြတ်နာကျင်ခြင်း၊ စအိုဝစ္စမဂ်၌ စူးရှစွာနာကျင်ခြင်း၊ စားလိုက်တဲ့အစာတို့ ကြေကျက်ခဲခြင်း၊ မွတ်သိပ်ဆာလောင်မှု မရှိခြင်းတို့ ဖြစ်ကြပါတယ်။**

အခုတစ်ခါ ဝမ်းကိုက်ရောဂါကို တိုင်းရင်းဆေးပညာဦးစီးဌာနသုံး ဆေးဝါးများနဲ့ ကုသနိုင်တဲ့အကြောင်း ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

- **ရိုးရိုးဝမ်းကိုက်ရောဂါကုသတဲ့အခါ တိုင်းရင်းဆေးဖုံအမှတ်(၂၅) မတဲမြင့်မိုရ်ကုန်းဆေး (ဒါမှမဟုတ်)ဆေးအမှတ် ၂၃ ဝေသာရဇ္ဇကို လူကြီး တစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ ကလေးဆိုရင် ဇွန်းတစ်ဝက်၊ ထန်းလျက်ပြုတ်ရည်နဲ့ တိုက်ရပါတယ်။ ဆေးပြားဆိုရင် တစ်ခါသောက် လူကြီး လေးပြား၊ ကလေးနှစ်ပြား သောက်ရပါမယ်။ တစ်နေ့သုံးကြိမ် သုံးရက်သောက်ဖို့ လိုပါတယ်။**
- **သွေးဝမ်းသွားရင် တိုင်းရင်းဆေးဖုံအမှတ် (၁၄)ဒေဝဩသဓ ဆေးကို လူကြီးတစ်ခါသောက် လက်ဖက်ရည်ဇွန်း တစ်ဇွန်း၊ ကလေးဖြစ်ရင် ဇွန်းတစ်ဝက် ဆီးဖြူသီးပြုတ်ရည်နဲ့ တိုက်ရပါတယ်။**
- **ရိုးရိုးဝမ်းကိုက်တာပဲဖြစ်ဖြစ်၊ သွေးဝမ်းကိုက်တာပဲဖြစ်ဖြစ် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်လုပ်တဲ့ ရာတန်စေ့ ဝမ်းကိုက်ပျောက်ဆေးတောင့်ကို အညွှန်းအတိုင်း သောက်ပေးရင်လဲ သက်သာပျောက်ကင်းစေနိုင်ပါတယ်။**

**အခုတင်ပြတဲ့ ဆေးတွေဟာ ဝမ်းကိုက်ရောဂါအပေါ်မှာ အစွမ်းအာနိသင် ထက်မြက်လှတဲ့ ဆေးတွေပဲ ဖြစ်ပါတယ်။**

ဝမ်းကိုက်ရောဂါအတွက် မြန်မာတိုင်းရင်းဆေး သမားတော်ကြီးတွေများသောအားဖြင့် အသုံးပြုလေ့ရှိတဲ့ ဆေးဖက်ဝင် အပင်တွေကတော့ ကျွဲကျောင်းမင်စေး၊ ခန်းတောက်၊ တောင်မုရိုး၊ မီးကွင်းဂမုန်း၊ ထားဝယ်မှိုင်း၊ ရာတန်စေ့၊ လက်ထုတ်ကြီး၊ မင်းကွတ်၊ သလဲ၊ မဟာကာကြံဆစ်၊ စမုန်နက်၊ ဆီးဖြူသီး၊ ဆေးပုစွန်တုပ်၊ လင်းနေ၊ ကြက်သွန်ဖြူ၊ ဆေးပုလဲ၊ ဓာတိပ္ဖိုလ်သီး၊ နနွင်း၊ ဥသျှစ်၊ ကြောင်ပန်း၊ ရှားစောင်းသိဂ်နိုက် (kiss me quick)တို့ပဲ ဖြစ်ပါတယ်။

ဝမ်းကိုက်ရောဂါရှင်တွေအနေနဲ့ အစာကြေလွယ်တဲ့ အစာအာဟာရများကိုသာ ဦးစားပေး စားသောက်ဖို့လိုပါတယ်။ လေချုပ်ခြင်း၊ ကြို့ထိုးခြင်း၊ လေတက်ခြင်း၊ ဝမ်းဗိုက်အတွင်း ထိုးကျင့်နာကျင်ခြင်းစတဲ့ လက္ခဏာတွေနဲ့အတူ တွဲပြီးဖြစ်တဲ့ ဝမ်းကိုက်ရောဂါရှင်တွေဟာ လေထွက်၊ လေသက်စေဖို့ (အဓောဂမဝါယော)ဖြစ်စေတဲ့ ကြောင်ပန်းရွက်/သီး၊ လင်းနေ၊ ရှိန်းခို၊ စမုန်နက်၊ ကြက်သွန်ဖြူ၊ ဆားပုပ်စတဲ့ ဆေးပစ္စည်းများနဲ့ တွဲဖက်စားပေးရပါမယ်။ အပူအအေး နှစ်ပါးပြိုင်ပြီးဖြစ်တဲ့ ဝမ်းကိုက်ရောဂါ (မခံမရပ်နိုင်အောင် ဝမ်းဗိုက်ထိုးခြင်း၊ အချွဲသာဆင်းခြင်း၊ ဝမ်းပူခြင်း)တို့ ခံစားရရင်တော့ အေးပြီး ချိုချဉ်အရသာရှိတဲ့ မန်ကျည်းမှည့်နဲ့ ထန်းလျက်ဖျော်ရည်တို့ကို အစာတိုက်ကျွေးပြီး ကုသရမှာ ဖြစ်ပါတယ်။ ဝမ်းကိုက်ပျောက်ကင်းခါစ ဝမ်းမီးအားကောင်းပြီး အစာကြေစေဖို့အတွက် စတုမဓုကို စားနိုင်ပါတယ်။ ငှက်ပျောသီးဖီးကြမ်းကိုလည်း မီးကင်ပြီး ဓာတ်စာအဖြစ် စားပေးနိုင်ပါတယ်။

**ဝမ်းကိုက်ရောဂါအတွက် အသုံးပြုသင့်တဲ့ အစွမ်းထက်ဆေး တစ်လက်ကိုလည်း တစ်ဆက်တည်း ဖော်ပြလိုပါသေးတယ်။ အဲဒီဆေးနည်းမှာပါဝင်တဲ့ ဆေးမယ်တွေကတော့ ရာတန်စေ့၊ စမုန်နက်၊ လက်ထုတ်ကြီးအခေါက်၊ ဆီးဖြူသီးခြောက်၊ ဆေးပုစွန်တုပ်၊ လင်းနေ၊ ဆေးပုလဲ၊ ဓာတိပ္ဖိုလ်သီးတို့ပါပဲ။**

ဒီဆေးကို ပေါင်ဒါသားကျအောင် အမှုန့်ပြုပြီး တစ်ခါသောက်ရင် လက်ဖက်ရည်ဇွန်းတစ်ဝက် တစ်နေ့ သုံးကြိမ်၊ တစ်ပတ်သောက်ပေးရပါမယ်။ ဒီဆေးကို တိုင်းရင်းဆေးသမားတော်တွေက **(ခွက်ချင်းပြီး)** ဆေးလို့ ဆိုကြပါတယ်။ တစ်ခွက်တည်းသောက်ရုံနဲ့ ဝမ်းကိုက်တာ သက်သာစေနိုင်တဲ့ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်း တစ်လက်ဖြစ်တဲ့ အကြောင်း အရေးကြုံရင် အသုံးပြုနိုင်အောင် ရေးသားတင်ပြလိုက်ရပါတယ်။ ။



ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ကံ့ကော်မြိုင်လမ်းနေ နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးကြီးတင်မောင်မြင့်တို့အား ရည်စူး၍ ဒေါ်သန်းသန်းမြင့် မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

## ဝိပဿနာသင်တန်းနှင့် အဘိဓမ္မာတရားစခန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၄

ရွှေတိဂုံစေတီတော် (အရှေ့ဘက်မုခ်) ကြေးသွန်းဘုရားကြီးအနီးရှိ အမှတ် (၁၅) ကြားတောရလမ်း တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအဖွဲ့(သန့်-တည်-ပွား)မှ မြတ်ဗုဒ္ဓ၏ သံသရာလွတ်မြောက်ကြောင်း အဆုံးအမတော်များကို မှန်-တိုရှင်းနည်းဖြင့် အခြေခံမှစ၍ ပို့ချပေးသည့်သင်တန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်လျက်ရှိသည်။

ဩဂုတ်လအတွင်း ကိုးရက်အဓိဋ္ဌာန် တရားစခန်းများကို အထက်ပါ ဗိမာန်တော်၌ ဩဂုတ် ၁ ရက်မှ ၉ ရက်အထိ တစ်ကြိမ်၊ ဩဂုတ် ၁၁ ရက်မှ ၁၉ ရက်အထိ တစ်ကြိမ်နှင့် ဩဂုတ် ၂၁ ရက်မှ ၂၉ ရက်အထိ တစ်ကြိမ်ကျင်းပမည်ဖြစ်ပြီး တရားစခန်း ဝင်ရောက်လိုသူများအနေဖြင့် ရုံးအဖွဲ့ ဖုန်း-၀၁-၃၈၂၁၁၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)




မမေဦးမွေးနေ့အတွက် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၃ လမ်း (အထက်)နေ ဦးတင်ဦး-ဒေါ်ခင်သိန်းမြင့်၊ သား၊ သမီး၊ မြေးမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်ဆဲ ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)





၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် (ဃဃ)အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ လူမှုဝန်ထမ်းအသင်းက ပညာရေးကို အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၂၄

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ဘောလုံးပြိုင်ပွဲများကို ယနေ့ညနေ ၄နာရီတွင် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ (ဃဃ)အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဘောလုံးအသင်းက ပညာရေးဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

| | | |
|---|---|---|
| **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှစ်ဂိုး** | (ဝေလင်းနိုင်–တစ်ဂိုး၊ ကျော်သူရထွန်း–တစ်ဂိုး) | **ပညာရေးဝန်ကြီးဌာန ဂိုးမရှိ** |

**ဒိုင်လူကြီး ဦးထွန်းရှင် (အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး)**

ယင်းပြိုင်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဇူလိုင် ၂၅ ရက် ညနေ ၄ နာရီတွင် ပေါင်းလောင်း အားကစားကွင်း၌ (ဃဃ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနဘောလုံးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။(၁၀၇)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၇-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ရသမျှဒုက္ခကြီးပါတရားတော်(အရှင်ပုညာနန္ဒ) (ပုညာရာမမိုးကုတ် ဝိပဿနာကျောင်းတိုက် ဆရာတော်) |
| ၈း၀၀ | အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | International Video Topics (တင့်ကားထုတ်ရောမ စက်ရုံကြီးများ) |
| ၉း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅ | မီးမီးရဲ့ဆုံးဖြတ်ချက် (နေအောင်၊ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊နေလ၊အောင်ဟိန်း၊ပြည့်ဖူးခိုင်) (ဒါရိုက်တာ–အောင်မိုး (ပဲရစ်(စ်)) |
| ၉း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ | လောကဥယျာဉ်အတွင်းမှ ပန်းကလေးများ (အမျိုးသမီးကလေးများ သင်တန်းကျောင်း) |
| ၉း၄၅ | နိုင်ငံတကာ သတင်းအကျဉ်း |
| ၉း၅၀ | Midweek Sports News |
| ၁၀း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၀ | ဝါဆိုခြင်းပွဲတော် |
| ၁၀း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ | "ဝိပဿနာအကြောင်း၊ အရိယာ၊ရဟန္တာနှင့် နိဗ္ဗာန်အကြောင်း" ဒေါက်တာချစ်ငယ် (ဒဿန) Ph.D |
| ၁၁း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | သမိုင်းဝင်ထူးခြား ကမ္ဘာကျော်စိန်ကြီးများ |
| ၁၁း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ | ကမ္ဘာ့အကြီးဆုံး မြန်မာ့ကျွန်းပင် |
| ၁၂း၀၀ | နိုင်ငံတကာသတင်း အကျဉ်း |
| ၁၂း၀၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၂း၃၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဒီကောင်ဘယ်သူတုန်း" |
| ၁း၀၀ | MRTV-4 အပိတ်Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**၂၀၀၇ ခုနှစ် အာရှဖလားပွဲစဉ်များ**

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ညနေ ၄း၅၀ | တောင်ကိုရီးယား–အီရတ် | MRTV-4(Live) |
| ည ၇း၅၀ | ဆော်ဒီအာရေဗျ–ဂျပန် | MRTV-4(Live) |

## ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ၏ လူငယ်ယဉ်ကျေးအလိမ္မာတရားပွဲ

**ရန်ကုန် ဇူလိုင် ၂၄**

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂိုပျော်ဘွယ်ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂိုပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာန နာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပ သာသနာပြု ဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် သန်လျင်မြို့ အထက(၁၊ ၂၊ ၃၊၄)တို့နှင့်အလယ်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများအား ဇူလိုင် ၂၆ရက် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေးကျောင်းတိုက် ရွှေရတုဓမ္မာရုံကြီး၌ လူငယ်ယဉ်ကျေး အလိမ္မာတရားများ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က–ပ)





## မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ကော်မတီဝင်များလိုက်ပါလျက် ယနေ့နံနက်က ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရန်အတွက် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်နေသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ စစ်ဆေးရာတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက်၊ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အနီး သံသုမာလမ်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်နေသည်များကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)**လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (၁၉)

## ၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

**၂၀၀၇ ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ပထမ အဆင့် အုပ်စုပွဲစဉ်ပြိုင်ပွဲများကို သတ်မှတ်အားကစားကွင်းတို့တွင် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့၌ ဆက်လက် ကျင်းပသည်။**

(က)အုပ်စု အောင်မြေမန္တလာ အားကစားကွင်း နံနက်ပိုင်းပွဲစဉ်တွင် မန္တလေးတိုင်းအသင်းက ကယားပြည်နယ်အသင်းကို ကိုးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ညနေပိုင်းပွဲစဉ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်းက ပဲခူးတိုင်းအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ (ခ)အုပ်စု ရွှေမန်းတောင် အားကစားကွင်း နံနက်ပိုင်းပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ညနေပိုင်းပွဲစဉ်တွင် ချင်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

(ဂ)အုပ်စုပြင်ဦးလွင်ခရိုင်အားကစားကွင်း နံနက်ပိုင်းပွဲစဉ်တွင် ရန်ကုန်တိုင်းအသင်းက မကွေးတိုင်းအသင်းကို လေးဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ညနေပိုင်း ပွဲစဉ်တွင် စစ်ကိုင်းတိုင်းအသင်းနှင့် တနင်္သာရီတိုင်းအသင်းတို့ တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

(ဃ)အုပ်စု ကျောက်ဆည်ခရိုင် အားကစားကွင်း နံနက်ပိုင်းပွဲစဉ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားပြီး ညနေပိုင်းပွဲစဉ်တွင် မွန်ပြည်နယ် အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမအဆင့်ပွဲစဉ်ပြိုင်ပွဲများကို ဇူလိုင် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)



## ရေငန်ပုစွန်လုပ်ငန်းများလေ့လာရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလှမောင်ရွှေဦးဆောင်သည့် အဖွဲ့ဝင် ၁၄ ဦး ပါဝင်သော အဖွဲ့သည် ထိုင်းနိုင်ငံရှိ ရေငန်ပုစွန်လုပ်ငန်းများ လေ့လာရန်အတွက် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သိရှိရသည်။ **(ယာပုံ)** (ကုန်သည်/စက်မှု)

## ငွေကျပ်(၁၀၀)တန် ထီဖွင့်ပွဲ ဩဂုတ် ၁ ရက်၌ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

(၂၂၃)ကြိမ်မြောက် ငွေကျပ် ၁၀၀တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ တစ်ရက်တည်း ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း(၅၀၀) တစ်ဆု၊ ငွေကျပ်သိန်း(၃၀၀) နှစ်ဆု၊ ငွေကျပ်သိန်း(၂၀၀) လေးဆု၊ ငွေကျပ်သိန်း(၁၀၀) ၃၅ဆု၊ ငွေကျပ်(၁၀)သိန်း ၅၄၄ဆု၊ ငွေကျပ်ငါးသိန်း ၁၉ဆု၊ ငွေကျပ်လေးသိန်း ၂၃ဆု၊ ငွေကျပ်နှစ်သိန်း ၁၉၃ဆု၊ ငွေကျပ်တစ်သိန်း ၁၅၃၀ဆု၊ ငွေကျပ်ရှစ်သောင်း ဆု ၆၀၊ ငွေကျပ်လေးသောင်း ၁၀၁ဆု၊ ငွေကျပ်နှစ်သောင်း ၁၅၈၄၂ဆု စုစုပေါင်း ၁၈၃၅၄ဆု ဖြစ်သည်။

ယခု (၂၂၃)ကြိမ်မြောက် ငွေကျပ် ၁၀၀တန် ထီပေါက်သည့်ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဩဂုတ် ၇ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် ဦးမောင်မောင်ကြည်၊ ဒေါ်ယုယုမော်(ချန်ပီယံမိသားစု)ဘုရင့်နောင်ပွဲရုံက ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်၊ ဦးအေးကိုတို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

## သက်ဆိုင်သူများအား သတိပေးကြေညာခြင်း

**ပိတ်ချင်းမြှောင်နှင့် လဆွန်ကျဲကျေးရွာ** (စားသောက်ကုန်ပစ္စည်း အမျိုးမျိုး) ကုန်အမှတ်တံဆိပ်တို့၏လုပ်ငန်းပိုင်ရှင်အစစ်အမှန်မှာ မြန်မာပြည်သား ဒေါ်ဟေမာ (ခ) ဒေါ်ရီရီသန်း (SCG- ၀၀၁၆၃၅) ဖြစ်ပါသည်။ ယင်းအမှတ်တံဆိပ်ကိုအကြောင်းပြု၍ ဈေးကွက်အတွင်း လိမ်လည်လှည့်ဖြား ပြောဆိုဝင်ရောက်လာသူများနှင့် ထုတ်လုပ်ရောင်းချသူများအား တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ရှေ့နေ(စိန်ရွှန်း)ဦးမျိုးမြင့် (စဉ်–၃၂၅၅)**
B.A., H.G.P, R.L II, D.L.P WIPO (Switzerland)

**ရှေ့နေ ဒေါ်ယဉ်မေထွန်း**
(LL.B, D.B.L)

**ရှေ့နေဒေါ်ခင်လတ်လတ်စိုး**
(LL.B(Q),B.A(Business Law), Dip in IT)
M-2 LAW FIRM

**ရန်ကုန်မြို့။**
**၂၀၀၇ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်။**

**ရုံးအမှတ်(၁၂)၊ပထပ်၊ A-2၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း–၃၈၀၅၇၇**

## မိဂဒါဝုန်မြန်မာကျောင်းတိုက် နှစ်(၁၀၀)ပြည့်ပွဲတော်

ရန်ကုန် ဇူလိုင် ၂၄

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ဗာရာဏသီမြို့အနီး မြတ်ဗုဒ္ဓ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောကြားတော်မူရာနှင့် အနာဂတ် သာသနာတော်ကြီးအတွက် သံဃရတနာစတင်ပေါ်ထွက်ခဲ့ပြီး သံဝေဇနိယ အဝိဇဟိတနှစ်ဌာန အပါအဝင်ဖြစ်သော ဣသိပတနမိဂဒါဝုန်တောကြီးအတွင်း မြန်မာကျောင်းတိုက်ကို ခရစ်နှစ် ၁၉၀၈ ခုနှစ်မှစ၍ မြေနေရာဝယ်ယူပြီး ဘုရားကျောင်းဆောင်၊ သံဃာတော်များဆောင်နှင့် မြန်မာဘုရားဖူးများ တည်းခိုနားနေဆောင်များ ဆောက်လုပ်ခဲ့သည်မှာ ၂၀၀၈ ခုနှစ်တွင် နှစ်(၁၀၀)ပြည့်မည်ဖြစ်ပါ၍ နှစ်(၁၀၀)ပြည့် အခမ်းအနားကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဦးဉာဏဗလ မင်္ဂလာရာမကျောင်းတိုက် သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း–၀၉–၅၀၁၉၄၆၅၊ ၀၁–၃၉၂၆၁၆၊ ဒေါ်သဇင်မြင့်အောင် ဖုန်း–၀၁–၅၄၈၂၁၀၊ ၇၂၄၅၆၈၊ ၀၉–၅၁၂၈၆၂၁၊ ရန်ကုန် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ရုံး ဖုန်း–၀၁–၂၂၅၉၁၅၊ ၂၂၅၉၈၉၊ ၂၂၇၇၀၂၊ ၂၂၇၇၀၃၊ ဒေါ်မြစန္ဒာအောင် ဖုန်း–၀၉–၅၁၀၄၈၅၉၊ ၀၁– ၅၁၀၄၉၁၊ ဘဒ္ဒန္တနေမိန္ဒ (မဟာဂန္ထဝါစက ပဏ္ဍိတ) တောင်စလင်းတိုက်သစ် မန္တလေး ဖုန်း–၀၂–၂၂၅၈၇၊ ၃၉၁၄၃၊ ၀၉–၂၀၁၀၅၈၂၊ ဒေါ်စိန်စိန်ဌေး မော်လမြိုင် ဖုန်း–၀၅၇–၂၇၉၀၀၊ ၂၂၁၅၈ နှင့် ဒေါ်ခင်နုစစ်တွေ ဖုန်း– ၀၄၃–၂၃၁၇၂၊ ၂၃၀၉၃၊ ၂၁၄၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီးတွင် အကြိမ် (၄၀)မြောက်ကျင်းပမည့် အဘိဓမ္မာခုနစ်ကျမ်း (အာဂမ+သဘာဝ) စာတော်ပြန်ပွဲ ပင်မငွေပဒေသာပင်အတွက် ဒေါ်ကင်ကျူးနှင့် သမီး ဒေါက်တာဒေါ်အေးအေးသင်မိသားစု ပုဇွန်တောင်မြို့နယ် (၄၉)လမ်းမှ အသင်းဥက္ကဋ္ဌ ဦးညွန့်စိန် (မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာအာဘိဓမ္မိက ဝိသိဋ္ဌကလျာဏဉာဏဓဇ)ထံ ငွေကျပ် ၁၃၀၀၀၀ကို ဆူးလေစေတီတော်ရင်ပြင်ပေါ်ရှိ အဘိဓမ္မာအသင်းတိုက်တွင် ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

## NLD ပါတီ၏ လုပ်ရပ်များကို ထောက်ခံမှုမရှိ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် လပွတ္တာ၊ မိုးကောင်းနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့မှ ပါတီဝင်သုံးဦး နုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၄

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးတင်ဦးသည် ဇူလိုင် ၁၂ ရက်တွင်လည်းကောင်း၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးစိန်အောင်သည် ဇူလိုင် ၁၃ ရက်တွင်လည်းကောင်း၊ နေပြည်တော် တပ်ကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးဘိုရီသည် ဇူလိုင် ၁၅ ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လပွတ္တာမြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် နေပြည်တော်တပ်ကုန်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာများတွင် NLD ပါတီ၏လုပ်ရပ်များကို ထောက်ခံမှုမရှိ၊ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)




ရသာထူးလို့ ပွဲတိုင်းကျော်တာ နီလာဒံပေါက်ပါ..

နီလာ ဒံပေါက်နှင့် အအေး

အထူးအစီအစဉ်အဖြစ် ကြက်(သို့)ဆိတ်သားဒံပေါက် (၅)ပွဲဝယ်ယူလျှင် ကြက်အသဲအမြစ်ဒံပေါက်(၁)ပွဲ မေတ္တာလက်ဆောင်ပေးနေပါပြီ။

ပင်ရင်း အမှတ်(၂၁၆)၊ အနော်ရထာလမ်း (၃၁ လမ်းနှင့် ၃၂ လမ်းကြား)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၂၅၆၄၃၉
ဆိုင်ခွဲ(၁) အမှတ်(၃၀၇)၊ ကျိုက္ကဆံလမ်းမကြီး၊ တာမွေဈေးအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၄၇၅၄
ဆိုင်ခွဲ(၂) အမှတ်(မ/၁၁)၊ အခန်း(၅)၊ လှိုင်မြစ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၀၂၅၂၉
ဆိုင်ခွဲ(၃) အမှတ်(၅/၆)၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပအဝိုင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၂၃၇၃၇
ဆိုင်ခွဲ(၄) အမှတ်(၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၆၆၄၅၈၂
ဆိုင်ခွဲ(၅) အမှတ်(၁၀၄၂)၊ သုမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ နန္ဒဝန်ဈေးအနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၀၀၇၁၄၄
ဆိုင်ခွဲ(၆) အမှတ်(၉၂)၊ အခန်း(၁)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၀၀၈၆၁
ဆိုင်ခွဲ(၇) အမှတ်(၄၃၆-A)၊ ကမ်းနားလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၅၁၃၅၀၇၆
ဆိုင်ခွဲ(၈) အမှတ်(၂၅၈/၂၅၉)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရတနာပုံရုပ်ရှင်ရုံအောက်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၉၉-၂၅၅၈၃
ဆိုင်ခွဲ(၉) အမှတ်(၁၆၅)၊ မြင်တော်သာလမ်းနှင့် ဇင်္ဂမလမ်းထောင့်၊ အမှတ်(၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ
ဦးသာရင် ၏ သွက်ချာပါဒလေငန်းဆေးကျော် (ဆေးမှုန့်)
လေငန်းဖမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျင်ကိုက်ခဲခြင်း များဖြစ်လျှင် လိမ်းနိုင်ပါသည်။
ဦးသာရင်ဆေးတိုက် အမှတ်(၁၃၀ /၆)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၄၈၈၇၄၊
Certificate TH06/0850.0QM

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အင်းတိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင်နှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အင်းတိုင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပသည့် အင်းတိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင်နှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ခြံစည်းရိုးကြက်ဆူပင်နှင့် ရတနာတန်းဝင် ပျဉ်းကတိုးပင်တို့ကို စိုက်ပျိုးပေးသည်။**

## ရောက်ရှိ

ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်အတူ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြရာ မွန်းတည့် ၁၂နာရီတွင် အင်းတိုင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် အင်းတိုင်တပ်နယ်၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်နှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာကြီးတွင် မြေအောက်မှထွက်သည့် ရေနံမှရရှိသော ဒီဇယ်ဆီ၊ ဓာတ်ဆီများကို အသုံးပြုသောကာလဖြစ်ပြီး ယင်းအသုံးပြုနေသော ရေနံသည် ကုန်ခန်းတော့မည်ဖြစ်သည့်အတွက် နောင်နှစ်(၄၀)ခန့်အကြာတွင် ကမ္ဘာမြေကြီး၌ ရေနံကုန်ခန်းတော့မည်ဟု ပညာရှင်များက ခန့်မှန်းထားကြောင်းကို သိရှိရကြောင်း၊ ယနေ့လောင်စာဆီသည် တစ်နေ့ထက်တစ်နေ့ ဈေးနှုန်းကြီးမြင့်လာသည်ကို တွေ့ရှိရပြီး စက်ယန္တရားများအားလုံးသည် လောင်စာဆီဖြင့်ပင် အသုံးပြုနေခြင်း ဖြစ်သည့်အတွက် ကုန်ကျစရိတ် အလွန်များပြားသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ယင်းပြဿနာများကို ဖြေရှင်းရန်အတွက် ဇီဝလောင်စာဆီကို အစားထိုးသုံးစွဲရန် ကြိုးပမ်းလျက်ရှိကြောင်း။

ကြက်ဆူဆီကိုထုတ်ယူရသည့် ခြံစည်းရိုးကြက်ဆူရိုင်းပင်သည် မြန်မာနိုင်ငံတွင် အပူပိုင်း ခြောက်သွေ့သောဒေသမှ စွတ်စိုသောသမပိုင်းအထိ တွေ့ရှိရပြီး မြန်မာနိုင်ငံ၏ရေ၊ မြေရာသီဥတုနှင့် ရင်းနှီးပြီးဖြစ်၍ မည်သည့်မြေမျိုးမဆို စိုက်ပျိုးပေါက်ရောက်နိုင်၍ တိရစ္ဆာန်များ ဖျက်ဆီးမှု၊ စားသုံးမှုမရှိဘဲ သာမန်ဂရုစိုက်ရုံမျှဖြင့် ဖြစ်ထွန်းနိုင်ကြောင်း၊ မြန်မာနိုင်ငံ အနှံ့အပြားတွင် ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး ထွက်ရှိလာမည်အစေ့ကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အင်းတိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင်နှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၇-၂၀၀၇

| | |
|---|---|
| **နေပြည်တော်** | ၀ ဒသမ ၃၁ လက်မ |
| **ခန္တီး** | ၃ ဒသမ ၇၄ လက်မ |
| **ကလေး** | ၂ ဒသမ ၅၂ လက်မ |
| **မြစ်ကြီးနား** | ၂ ဒသမ ၃၆ လက်မ |
| **ကလေးဝ** | ၁ ဒသမ ၈၅ လက်မ |
| **ဗန်းမော်** | ၁ ဒသမ ၇၇ လက်မ |
| **ကသာ** | ၁ ဒသမ ၄၉ လက်မ |
| **နေပြည်တော်ပျဉ်းမနား** | ၁ ဒသမ ၄၆ လက်မ |

# ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး သုံးထပ်အဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး သုံးထပ်အဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ရက်တွင် ယင်းသုံးထပ်အဆောင်သစ်ရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများတက်ရောက်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❍

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး သုံးထပ်အဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**
(သတင်းစဉ်)




